# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ကို ယခင်နေ့များက အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၂၂၀)ဦး ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့် နဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာညီညီထွန်း တို့က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ(က)နဲ့အညီ ၂၄-၂-၂၀၁၄ ရက်နေ့တွင် ဥက္ကဋ္ဌက နုတ်ထွက်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၂၁၈)ဦး ဖြစ်ပါကြောင်းဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈၂.၅၇)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကိုယ်တိုင် ဆောင်ရွက် ရန်။ ဦးငွေမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ သင်တန်း။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ သင်တန်း။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊

အစ်မနာရေး၊ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထေးရယ်၊ ကယား(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန (၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ

က သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ မြောက်ဘက်နှင့် တောင်ဘက်ရှိ လယ်ယာမြေများပေါ်တွင် သာသနာရေး အဆောက်အဦနှင့် အိမ်ရာခြံမြေများသတ်မှတ်ပြီး အဆောက်အဦများ ဆောက်လုပ်နေခြင်းသည် မည်သည့် ဥပဒေ၊ မည်သည့်နည်းဖြင့် သတ်မှတ်ဆောက်လုပ်ခွင့် ပေးထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ မြောက်ဘက်နှင့် တောင်ဘက်ရှိ လယ်ယာမြေများပေါ်တွင် သာသနာရေး အဆောက်အဦနှင့် အိမ်ရာခြံမြေများသတ်မှတ်ပြီး အဆောက်အဦများ ဆောက်လုပ်နေခြင်းသည် မည်သည့် ဥပဒေ၊ မည်သည့်နည်းဖြင့် သတ်မှတ်ဆောက်လုပ်ခွင့်ပေးထားသည်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အရှေ့ မဲဆန္ဒနယ်မြေအမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လယ်ယာမြေပေါ်မှာ သာသနာရေးအဆောက်အဦနှင့် အိမ်ရာ ခြံမြေ ဆောက်လုပ်နေခြင်းများအပေါ် မည်သည့်စနစ်၊ မည်သည့်ဥပဒေဖြင့် ချပေးထားသည်ကို သိရှိလို၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်အကြိမ်ကြိမ်၊ အဖန်ဖန်မေးရမလား၊ မမေးရဘူးလား ဆိုတာ စဉ်းစားရင်းနဲ့ပဲ ကျွန်တော့်အရှေ့မှာ ပဲခူးတိုင်းအရှေ့ကပဲ ကိုယ်စားလှယ်ကြီး(၃)ဦး၊ ဦးမြင့်ထွန်း၊ ဦးဖိုးဇော်၊ ဦးမင်းဦး တို့က ဂဃနဏ၊ ကျကျနန နဲ့ မေးမြန်းထားသွားကြတာကို တွေ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ပဲခူးတိုင်းအရှေ့မှာ ပြောင်းလဲခြင်းမရှိသေးပါဘူး။ ဥပဒေနဲ့အညီလည်း စနစ်တကျ ဆောင်ရွက်ထားနေခြင်းလည်း မတွေ့ရှိရသေးပါဘူး။ ဒါကိုကျွန်တော်မေးမြန်းတဲ့ မေးခွန်းရဲ့(၁) အချက်က ပဲခူးတိုင်း၊ ဖြူးမြို့နယ် ဇေယျဝတီမြို့မြောက်ဘက်၊ ကစ္စနားဘုရားရှိခိုးကျောင်း သို့မဟုတ် ပရဟိတကျောင်း ဆိုပြီးတော့ ဆောက်လုပ်နေတဲ့ အဆောက်အဦအပေါ် မူတည်ပြီး ပထမအချက်အနေနဲ့ ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီအခုဘုရားကျောင်းကတော့ ကျွန်တော်အစောက ပြောတဲ့ ကစ္စနားဘုရားရှိခိုးကျောင်း သို့မဟုတ် ပရဟိတကျောင်း ဖြစ်ပါတယ်။ စစဦးဆုံးလျှောက်စဉ်တုန်းကတော့ ဒါအိမ်ရာဆောက်လုပ်ခွင့် ဆိုပြီးတော့ လျှောက်ပါတယ်။ လျှောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ လ/န(၃၉) ချပေးပါတယ်။ ချပေးပြီးတော့ လ/န(၃၉)က ၁၉၉၃ ခုနှစ်မှာ၊(၁၀)လပိုင်း၊ ၁၀-၃-၉၃ မှာ ရရှိပါတယ်။ ရရှိပြီးတော့ လ/န(၃၉)ရရှိတယ်။ ရရှိပြီးတော့ အဆောက်အဦဆောက်ပါတယ်။ အဆောက်အဦ ဆောက်တဲ့နေရာမှာ ဒီ လ/န(၃၉)ပေးရင်လည်း ကျွန်တော်သိတဲ့ စည်းမျဉ်းစည်းကမ်းကတော့ လ/န(၃၉) ပေးတယ်ဆိုလို့ရှိရင် တရားဝင်ဘုတ်မှာကြေညာရတယ်။ သို့မဟုတ် သတင်းစာထဲမှာ ကြေညာပြီးတော့မှ

လ/န(၃၉) ပေးရတယ် လို့ ဒါသဘောပေါက်ထားပါတယ်။ အဲဒီတော့ လ/န(၃၉) ရထားပြီးပြီ။ ဆက်ပြီးတော့ လုပ်တဲ့ နောက်ပိုင်းမှာ ဒီမြေဧရိယာကို အရောင်းအဝယ်ကတော့ အားလုံး (၃၂)သိန်းနဲ့ အရောင်းအဝယ် ဖြစ်သွားကြပါတယ်။ ဖြစ်သွားပြီးတဲ့နောက်ပိုင်းမှာ ဆက်ပြီးတော့ ဒီဧရိယာအတိုင်း ဆက်ပြီးတော့ ဆောင်ရွက်တယ်။ ဆက်ပြီးတော့ အဆောက်အဦတွေဆောက်တယ်။ အဆောက်အဦတွေဆောက်ပြီးတော့ ဒါအစောက ပြောတဲ့ P-1 ရဲ့ အဆောင်ရဲ့ ဘုရားရှိခိုးကျောင်း ဖြစ်ပါတယ်။ အဲဒီမှာ ကစ္စနားဘုရား ရှိတယ်။ အလှူခံပုံး ရှိတယ်။ ဟောပြောတဲ့ မိုက် stand ရှိပါတယ်။ ဒါထပ်ပြီးတော့ တိုးချဲ့ဆောက်လုပ်နေတဲ့ အဆောက်အဦဖြစ်ပါတယ်။

ဒါတိုးချဲ့ဆောင်ထပ်မံဆောက်လုပ်ပြီးတော့ ရှေ့မျက်နှာစာမြင်ကွင်းပုံဖြစ်ပါတယ်။ ဒါအတွင်းမှ အတွင်းပိုင်း မြင်ကွင်းပုံဖြစ်ပါတယ်။ ဒီလိုတွေ ဆောက်လုပ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ ဝတ္တကမြေပဲ သတ်မှတ်သည်ဖြစ်စေ၊ ပရဟိတဂေဟာပဲ သတ်မှတ်သည်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဂေဟာပဲ သတ်မှတ် သည်ဖြစ်စေ စည်းမျဥ်းစည်းကမ်းနဲ့အညီလေးတော့ ဒါကျွန်တော်တို့ သက်ဆိုင်ရာအစိုးရအဖွဲ့ ကနေပြီး တော့ အသိအမှတ်ပြု ဆောင်ရွက်ပေးဖို့လိုတယ်လို့ ကျွန်တော် သိရှိရပါတယ်။ အဲဒီမှာ ကျွန်တော်လေ့လာ သိရှိရသလောက်ဆိုလို့ရှိရင် အခြေခံစည်းမျဥ်းမှာ လယ်ယာမြေလွတ်မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ အခြေခံ စည်းမျဥ်းမှာပါတယ်။ ပါတဲ့ ဟာကဘာလဲဆိုလို့ရှိရင် လယ်ယာမြေပေါ်မှာ သာသနာမြေပဲဖြစ်စေ၊ ကျောင်း အဆောက်အဦပဲဖြစ်စေ၊ ကျန်းမာရေးအဆောက်အဦပဲဖြစ်စေ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ခွင့်ပြုချက် ရမှသာ ဆောက်လုပ်ခွင့် ရှိတယ်ဆိုတာလည်း ကျွန်တော်လေ့လာမှတ်ရူရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘာသာမျိုးစုံနေထိုင်လျက်ရှိပါတယ်။ အလျဥ်း သင့်လို့ ကျွန်တော်တစ်ခုတင်ပြချင်ပါတယ်။ အဲဒါဘာလဲဆိုလို့ရှိရင် ဟိန္ဒူဘာသာရယ်၊ အစ္စလာမ်ဘာသာ ရယ် ဒါဘာသာရေးနဲ့ဆက်နွယ်ပြီးတော့ မည်သူ၊ ဘယ်ဘာသာ၊ ဘယ်လူမျိုးကိုမှ ကျွန်တော်ပုတ်ခတ် ပြီးတော့ ပြောဆိုခြင်း မဟုတ်ပါဘူး။ ဟိန္ဒူဘာသာဆိုရင် ယခုအချိန်မှာ ဘာသာနှစ်မျိုးကွဲပြားနေတာ တွေ့ရပါတယ်။ ပထမစစဦးဆုံး ဟိန္ဒူဘာသာကတော့ တိတ်ဆိတ်ငြိမ်သက်စွာ ဘုရားအာရုံပြုပြီး ရှိခိုးတဲ့ ဓလေ့ ဒါ တစ်ဘာသာ ဖြစ်နေပါတယ်။ အခု ကျွန်တော်တင်ပြတဲ့ ကစ္စနားဘုရားရှိခိုးတဲ့ဘာသာက ဟိန္ဒူဘာသာပါပဲ။ ကွဲပြားနေတာ။ သူတို့ဟာဆိုလို့ရှိရင် ဗုံတီးတယ်၊ ကတယ်၊ သီချင်းဆိုပြီးတော့ ဘုရား ရှိခိုးတယ်။ ဘာသာနှစ်မျိုး ကွဲပြားနေပါတယ်။ ဒီလိုပဲအစ္စလာမ်ဘာသာဆိုရင်လည်း ဒီလိုပါပဲ ဗုံတီးပြီး ဘုရားရှိခိုးတဲ့ အစ္စလာမ်ဘာသာ၊ တိတ်ဆိတ်ငြိမ်သက်စွာ ဝတ်ပြုတဲ့ အစ္စလာမ်ဘာသာ ဆိုပြီးတော့ ကျွန်တော်တို့ နယ်မြေမှာ ဘာသာနှစ်မျိုး ကွဲပြီးတော့ ဘာသာနှစ်မျိုးကွဲသွားတဲ့ အကြောင်းအရာကြောင့် ကျောင်းကန်အဆောက်အဦတွေ၊ ဘာသာရေး အဆောက် အဦတွေ ကွဲပြားပြီးတော့ ရှိခိုးဝတ်ပြုနေကြတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဝတ္တကမြေပဲ သတ်မှတ်သည် ဖြစ်စေ၊ ပရဟိတကျောင်း၊ လူမှုရေးဂေဟာ အဖြစ်နဲ့သတ်မှတ်သည်ဖြစ်စေ အားလုံးကို ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းမှာ ဒီလိုပဲ အဖြစ်အပျက်တွေ ရှိကြပါတယ်။ အားလုံးတစ်ပြေးညီမြေနေရာ သတ်မှတ် ပေးဖို့ကိုလည်း လိုအပ်ပါလိမ့်မယ်။ အဲဒီမှာ အခု ဆောက်နေတဲ့အနေအထားဆိုလို့ရှိရင် ဘာသာရေး အဆောက်အဦဆောက်မလား ဆိုလို့ရှိရင် ပြည်သူများထင်သာမြင်သာရှိအောင် ဘာဂေဟာ၊ ဝတ္တကမြေ၊ ပရဟိတဂေဟာ ဒီလိုဆိုင်းဘုတ် တင်ပြီးတော့ ဆောက်လုပ်နေခြင်းက ပိုမိုသင့်လျော်ပါမယ်လို့ ကျွန်တော်

ထင်မြင်ယူဆမိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ ဖြူးမြို့နယ်မှာ ဝတ္တကမြေမရရှိသေးတဲ့ ဘုန်းတော်ကြီးကျောင်းတွေလည်း အများကြီးရှိပါတယ်။ ဝတ္တကမြေကို အမျိုးမျိုးလျှောက်ပါတယ်။ လျှောက်ပြီးတော့ အခုအချိန်အထိ ဝတ္တကမြေလည်း မရရှိသေးပါဘူး။ ကျွန်တော်တို့ အဲဒီမှာဆိုရင် အနီးစပ်ဆုံးဖြစ်တဲ့ ဒီကစ္စနားဘုရားရှိခိုးကျောင်းရဲ့ တောင်ဘက် လျှပ်စစ်ရုံးရဲ့တောင်ဘက်မှာဆိုလို့ရှိရင် ဒါ ဗောဓိဘုန်းတော်ကြီးကျောင်းရှိပါတယ်။ အဲဒီ ဗောဓိဘုန်းတော်ကြီးကျောင်းဟာဆိုလို့ရှိရင် ၂၀၁၂ ထဲကနေပြီးတော့ ဝတ္တကမြေ လျှောက်နေတာ၊ အမျိုးမျိုးလျှောက်နေတာ အခုအချိန်အထိလည်း မကျသေးပါဘူး။ အဲဒီတော့ ဝတ္တကမြေ အဖြစ်သော် လည်းကောင်း၊ ဘာသာရေးအဆောက်အဦအဖြစ်သော်လည်းကောင်း လူအများထင်သာမြင်သာရှိအောင် ဆိုင်းဘုတ်တင် ဆောက်လုပ်ခြင်းနဲ့ တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ပေးဖို့ လိုမယ်ဆိုတဲ့အကြောင်း (၁)အချက် ကျွန်တော်ပြောချင်ပါတယ်။

(၂)အချက်ဖြစ်တဲ့ ဒီဟာဆိုလို့ရှိရင် အစောက ဘာသာရေး ကစ္စနားဘုရားအဖွဲ့ရယ်၊ ဂေါပကအဖွဲ့ရယ် ထပ်မံပြီးတော့ ဝယ်ယူထားတဲ့ အဆောက်အဦဖြစ်ပါတယ်။ သိန်း(၃၅၀)နဲ့။ အဲဒီအဆောက်အဦမှာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ခံများလာတယ်။ ဘာသာရေးအဖွဲ့များ ဆွေးနွေးတယ်။ ဆွေးနွေးပြီးပြန်သွားတယ်။ ဒီအတွက်အသုံးချပြီးတော့ သူတို့ဘာသာရဲ့ အလံကို စိုက်ထူထားခြင်းဖြစ်ပါတယ်။ အခု(၂) ကျွန်တော် ပြောမယ့်အချက်ကတော့ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ တောင်ဘက်၊ဓာတ်ဆီဆိုင်အနီး၊ တံတားရဲ့တောင်ဘက် ဒီကနေသွားရင် ရန်ကုန်-မန္တလေး လမ်းဟောင်းရဲ့ညာဘက်မှာ ရှိပါတယ်။ လယ်ကွင်းကြီးပါဘေး ပတ်ပတ်လည်က။ လယ်ကွင်းရဲ့အလယ်မှာ ကျွန်တော်တို့ လယ်ယာမြေပေါ်မှာ ကျူးကျော်ပြီးတော့ လ/န(၃၉) အမြန်ဆုံးလျှောက်တယ်။ ပုဒ်မ ၄၊ ပေးမှလုပ် အမြန်ဆုံးလုပ်ပေးတယ်။ လုပ်ပေးပြီးတော့ အိမ်ခြံမြေခတ်တယ်။ ခတ်ပြီးတော့ နေတဲ့အနေအထားရှိပါတယ်။ တွေ့ရပါတယ်။ အဲဒီတော့ လ/န(၃၉) လည်း ဥပဒေနဲ့ ညီပြီလား။ ချပေးထားတာ။ လယ်ယာမြေပေါ်မှာ အခြားနည်းဖြင့် သုံးပိုင်ခွင့်၊ လယ်ယာမြေ ဥပဒေနဲ့ရော ညီပြီလား ဆိုတာ ပြန်လည်စဉ်းစားစရာလည်း လိုပါတယ်။

ကျွန်တော်သိရှိသလောက် ဒါတွေ လေ့လာတယ်။ လေ့လာပြီး သိရှိသလောက်တော့ ဒီအထဲမှာ လယ်ယာမြေပေါ်မှာ အိမ်ရာဆောက်လုပ်ခွင့်ဆိုတာ ဘယ်စာပိုဒ်မှာမှ ကျွန်တော်မတွေ့သေးပါဘူး။ အဲဒီတော့ ကျွန်တော်တို့ မကြာသေးခင်ကပဲ ကျွန်တော်တို့ ဇေယျဝတီကျေးရွာအုပ်စုဟာ ဇေယျဝတီမြို့ အဖြစ် သတ်မှတ်ခဲ့ပါတယ်။ သတ်မှတ်ခဲ့တဲ့အလျောက် ကျွန်တော်တို့အားလုံး ပြည်သူများလည်း စိတ်ချမ်းသာအောင်၊ အများပြည်သူကလည်း သာဓုခေါ်နိုင်အောင် ကျွန်တော်တို့ အကြောင်းအရာလေး တစ်ခု တင်ပြချင်ပါတယ်။ အဲဒါ ဘာလဲဆိုရင် ပြီးခဲ့တဲ့ကျွန်တော်တို့ လွှတ်တော်မတိုင်ခင်က ဇေယျဝတီမြို့ဟာ မြန်မာနိုင်ငံမှာ အလွန်ကြီးမားတဲ့ သကြားစက်ရှိတဲ့ မြို့တစ်မြို့လည်းဖြစ်တယ်။ အဲဒီသကြားစက်ရုံမှာ ရှိတဲ့ သကြားစက်ဝန်ထမ်းများဟာဆိုလို့ရှိရင် ကုမ္ပဏီများကို လွှဲပြောင်းလိုက်တဲ့အချိန်မှာ ဝန်ထမ်းတစ်ရာကျော်လောက်ဟာ ပင်စင်ယူလိုက်ရပါတယ်။ ပင်စင်ယူလိုက်ရတဲ့အလျောက် သူတို့ဟာဝန်ထမ်းအိမ်ရာတွေမှာ နေခွင့်မရှိတော့ဘူး။ နေခွင့်မရှိဘူးဆိုပြီး မောင်းထုတ်တဲ့အချိန်မှာ ကျွန်တော်တို့ ဖြူးမြို့နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း သွားရောက်ညှိနှိုင်းပါတယ်။ ညှိနှိုင်းပြီးတော့ လက်ရှိဝန်ထမ်းအိမ်ရာမှာပဲ ပြန်လည်နေထိုင်ခွင့်ပေးဖို့ ပြန်လည်ပြီးတော့ တောင်းဆိုခဲ့တဲ့အတွက် အဆင်ပြေသွားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဇေယျဝတီမြို့ မြို့အဖြစ်သတ်မှတ်ပြီး မြို့အဖြစ်နဲ့ မြို့ပတ်လမ်း၊ နေအိမ်အဆောက်အဦများကို စနစ်တကျ သတ်မှတ်ပေးဖို့လည်း လိုပါလိမ့်တယ်။ အဲဒီတော့ ဒီအချိန်မှာ

လယ်ကွက်တွေအပေါ်မှာ တစ်နေရာမှာတစ်အိမ်၊ တစ်နေရာမှာတစ်အိမ် လယ်ကွက် တွေရဲ့အလယ်၊ အလယ်တွေမှာ အဲဒီလိုလုပ်နေမဲ့အစား ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စု ဝန်ကြီးဌာနရဲ့ တာဝန်ရှိတဲ့ဝန်ကြီးဌာနကနေပြီးတော့ မြို့အသစ်၊ အကွက်သစ်ဖော်ပြီးတော့ ဒီဝန်ထမ်းများ ကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ မြေကွက်များပေးခြင်း ဆောင်ရွက်မယ် ဆိုလို့ရှိရင်၊ အရစ်ကျစနစ်နဲ့ ရောင်း/ဝယ်ခြင်း ပြုလုပ်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မြို့ဟာ၊ ကျွန်တော်တို့ မြို့သူ၊ မြို့သားများဟာ၊ အခု ပင်စင်ပေးခံရတဲ့ ဝန်ထမ်းများဟာ ဆိုလို့ရှိရင် အလွန်ပဲဝမ်းသာ သာဓုခေါ် ကြမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်ဆိုရမယ်ဆိုလို့ရှိရင် ကျွန်တော်လေ့လာသိရှိရသလောက်ကတော့ ဒီလို အိမ်ရာခြံမြေတွေ၊ ဝတ္တကမြေအဖြစ် သတ်မှတ်တာတွေကို လေ့လာတယ်။ လေ့လာတဲ့အထဲမှာမှ ဒီ လယ်ယာမြေ မြေလွတ်မြေရိုင်း စီမံခန့်ခွဲတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ကြည့်တယ်။ ကြည့်တော့ နဲနဲလေးတော့ လွဲနေ တယ်လို့ ကျွန်တော်ထင်ပါတယ်။

အဲဒီတော့ နိဂုံးချုပ်အားဖြင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်အပြင် တိုင်းနဲ့ ပြည်နယ် တွေမှာလည်း ဒီလိုအသီးသီးရှိကြပါတယ်။ ရှိကြတဲ့အတွက် ဒီလိုလေး လွဲမှားမှုလေးတွေတော့ မရှိသင့်ဘူး လို့ ထင်တဲ့အတွက် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေ၊ စီမံခန့်ခွဲရေးဥပဒေများနဲ့အညီ ဆက်လက် ဆောင်ရွက် ပေးပါလို့ ကျွန်တော့်မေးမြန်းချက်ကို မေးမြန်းရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။

**ဖလမ်းမြို့နယ်၊ ခေါ်ပွာလ်ကျေးရွာဘေးမှ မဏိပူရမြစ်သို့ စီးဆင်းသော လုံးလွေချောင်းမှ ရေအားလျှပ်စစ် ထုတ်လုပ်ကာ အနီးအနားရှိ ကျေးရွာပေါင်း(၁၈)ရွာခန့်အား လျှပ်စစ်မီးဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ခေါ်ပွာလ်ကျေးရွာဘေးမှ မဏိပူရမြစ်သို့ စီးဆင်းသော လုံးလွေချောင်းမှ ရေအားလျှပ်စစ် ထုတ်လုပ်ကာ အနီးအနားရှိ ကျေးရွာပေါင်း(၁၈)ရွာခန့်အား လျှပ်စစ်မီးဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ရရှိကြနိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ အခုလို ဥက္ကဋ္ဌကြီးမှ ကျွန်တော့်ကို မေးခွန်းမေးမြန်းခွင့်ပြုတဲ့အတွက် ကျွန်တော်ဥက္ကဋ္ဌကို အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော် ဒီလျှပ်စစ်မီးနဲ့ ပတ်သက်ပြီးမှ ကျွန်တော် ခဏခဏ တင်ဘူးပါတယ်။ (၃)(၄)ကြိမ် လောက်ရှိသွားပြီထင်တယ်။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ဒီ ချင်းပြည်နယ်မှာ လျှပ်စစ်မီး ကျေးရွာ အထိ ကျွန်တော်တို့ ထွန်းပေးနိုင်ခြင်းအားဖြင့် ကျွန်တော်တို့ လျှပ်စစ်မီးတစ်ခုသာမဟုတ်ဘဲနဲ့ ကျွန်တော်တို့

ကျေးလက်ဒေသရဲ့ ဆင်းရဲနွမ်းပါးမှုကိုလည်းပဲ ကျွန်တော်တို့ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဆင်းရဲမွဲတေမှုကိုလည်းပဲ ပပျောက်နိုင်မယ့် နည်းလမ်းလည်း ရှိနိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ အားလုံးသိတဲ့အတိုင်းပဲ ရွှေ့ပြောင်း တောင်ယာ တစ်နှစ်ပြီးတစ်နှစ်၊ နှစ်တိုင်းနှစ်တိုင်း ခုတ်ထွင်ပြီးမှ မီးရှို့တယ်။ နောက်ထို့နည်းတူစွာပဲ ကျွန်တော်တို့ ထမင်းချက်ဖို့ ကျွန်တော်တို့ ထင်းကိုလည်း အဲဒီရာသီ၊ ဆောင်းရာသီမှာပဲ ခုတ်ထွင်ပြီးမှ အိမ်ကို သယ်ကြ ပါတယ်။ အဲဒီလို သယ်တဲ့အခါမှာလည်း ယောကျ်ား၊ မိန်းမ မရွေး၊ ကိုယ်ဝန်ဆောင်မရွေး သယ်တဲ့အခါမှာ ကိုယ်ဝန်ဆောင်မိခင်များတွေ ကလေးမွေးလာတဲ့အခါမှာ သူတို့ရဲ့ကလေးမျက်နှာကို ကျွန်တော်တို့ ဘယ်လို ခေါ်မလဲ၊ ကားသွားတဲ့အပိုင်းမှာလည်းရှိပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဒီ အလုပ်လုပ်တဲ့နေရာမှာလည်း ဒီလျှပ်စစ်ဓာတ်အားကို ကျွန်တော်တို့ ရနိုင်လို့ရှိရင်တော့ ဒီဟာကိုလည်း ကျွန်တော်တို့ အများကြီး သက်သာသွားမှာ ဖြစ်ပါတယ်။

နောက်ကျွန်တော်တစ်ခု တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီချင်းပြည်နယ်ကနေပြီးတော့ စီးဆင်းလာတဲ့ ချောင်းရေ၊ မြစ်ရေ၊ မြစ်ရေကတော့ မဏိပူရမြစ်တစ်ခုတည်းပါပဲ။ ဒါဟာ ကျွန်တော်တို့ မြင်တွေ့နေတယ်။ ဒါဟာကျွန်တော်တို့ ဘာနဲ့တူလည်းဆိုတော့ အသုံးမပြုတဲ့ အင်ဂျင်စက်ကို ဒီအတိုင်း စက်နှိုးထားတဲ့ သဘောလို့ပဲ ကျွန်တော်ခံယူပါတယ်။ ဘာလို့လည်းဆိုတော့ ဒီစီးခြင်းကို အသုံးပြုခြင်း အားဖြင့်၊ လျှပ်စစ်မီးထုတ်ခြင်းအားဖြင့် ကျွန်တော်တို့ အသုံးပြုနိုင်တဲ့ဟာကို အသုံးမပြုနိုင်ဘဲ ဒီအတိုင်း အလဟဿ ရေများစီးဆင်းနေတဲ့အတွက်ကြောင့် အခုလိုကျွန်တော် လျှပ်စစ်ရေအားကို ကျွန်တော် တင်ပြ ခြင်း ဖြစ်ပါတယ်။ အခုဒီ ဖလမ်းမြို့နယ်၊ ခေါ်ပွာလ်ကျေးရွာအထိ စီးဆင်းလာတဲ့ ရေကိုလည်း ကျွန်တော် ပမာပြုပြီးမှ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလိုဟာမျိုးကို ကျွန်တော်တို့ လုပ်နိုင်တဲ့နေရာ တော်တော်များများ ရှိပါတယ်။ ကျွန်တော်ဒီ ဖလမ်းမြို့နယ်ထဲမှာပဲ ကျွန်တော် (၃)နေရာလောက် တင်ပြထားတာရှိပါတယ်။

ဒါပေမဲ့ အချိန်အခါနဲ့ ဒါအစိုးရကနေပြီးမှ လုပ်ပေးမယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်။ မဂ္ဂါဝပ်အားဖြင့် နည်းပင်နည်းသော်လည်းပဲ ကျွန်တော်တို့ အနီးပတ်ဝန်းကျင်ရွာများကို ဖြန့်နိုင်တဲ့အခါမှာ အကျိုးအများကြီး သက်ရောက်မှာ ဖြစ်ပါတယ်။ အခုဖလမ်းမြို့ကိုဖြန့်ဝေနေတဲ့ ၆စစ်ရေအားလျှပ်စစ် ကလည်း ကျွန်တော်တို့ရွာအားဖြင့် ကျွန်တော်တို့ လုံပမ်းရွာရယ်၊ နောက် ပါသဲလ်ရယ်၊ နောက် ဒါဆွန်းရယ်၊ နောက် ဖလမ်းမြို့ရယ်၊ နောက် စောင်းဟဲန်ဇာမွလ်းနဲ့ လိုင်ဇိုးထိရောက်ပြီးတော့ ကျွန်တော်တို့ ဦးဥတ္တမသာရ ကျောင်းထိုင်တဲ့ လုံပီးအထိကို ကျွန်တော်တို့ အဲဒီလိုဖြန့်ဝေနိုင်ပါတယ်။ မဂ္ဂါဝပ်အားဖြင့် ကြည့်ရင်လည်းပဲ ကျွန်တော်တို့ မဂ္ဂါဝပ် တစ်ဝက်လောက်ပဲရှိပါတယ်။ အဲဒါ အဲဒီလောက်အထိ ဖြန့်နိုင် တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဟာမျိုး မဂ္ဂါဝပ်ထက်မက နည်းနည်းများတဲ့ဟာကိုလည်း ကျွန်တော်တို့ လည်ပတ်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒီဟာမျိုး ရေအားလျှပ်စစ်ကို (၄) (၅)နေရာလောက် ကျွန်တော်တို့ လုပ်နိုင်လို့ရှိရင် ကျွန်တော်တို့ဒီ ချင်းပြည်နယ် တစ်ခုလုံး မီးလင်းနိုင်မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

နောက်ကျွန်တော်တို့ မဏိပူရမြစ်ကိုလည်း ကျွန်တော်တင်ထားပါတယ်။ ဖလမ်းမြို့မရောက်ခင် တံတားအထက်ကနေပြီးမှ ရေအားကိုလည်း တိုင်းတာပြီးပါပြီ။ မဂ္ဂါဝပ်(၃၀)လောက် ထွက်ရှိမယ်လို့ သူတို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ ရေမြေအခြေအနေက နည်းနည်းခက်ခဲတဲ့ အတွက်ကြောင့် သူတို့ နည်းနည်း ဆိုင်းငံ့ထားတဲ့အပိုင်းမှာ ရှိပါတယ်။ အဓိကကျွန်တော်တို့ ချင်းပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးကို ကျွန်တော်တို့ပထမအဖြစ် ကျွန်တော်တို့ ထားခဲ့ပါတယ်။ ဒါပေမဲ့

ကျွန်တော်တို့ နောက်ပိုင်းပြန်စဉ်းစားတဲ့အခါမှာ လမ်းက ကိုယ်ထူကိုယ်ထနဲ့ ကျွန်တော်တို့ တိုးလို့လည်း ရပါတယ်။ မော်တော်ဆိုင်ကယ်လမ်းဆိုလည်း တိုးလို့ရတယ်လူအားနဲ့။ ဒါပေမဲ့ လျှပ်စစ်အားကျတော့ ကိုယ်ထူကိုယ်ထနဲ့ လုပ်လို့လည်းမရတဲ့အခါကျတော့ အစိုးရကိုပဲ ကျွန်တော်တို့ အားကိုးပါတယ်။ အဲဒါကြောင့် ဒီလျှပ်စစ်ဓာတ်အားကို အဓိက ချင်းပြည်နယ်မှာ လုပ်ပေးနိုင်လို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်အတွက် ဆင်းရဲနွမ်းပါးမှုကို တော်တော်လေး လျော့ချနိုင်မှာဖြစ်ပါတယ်။ နောက် မတူပီ မြို့နယ်ရဲ့ ဘုံတလာရေတံခွန် အောက်နားကနေလည်း ကျွန်တော်တို့ လုပ်နိုင်မယ့်နေရာ လည်း ရှိပါတယ်။ နောက် ထန်တလန်မှာလည်း တင်ပြပြီးပြီလို့ကြားတယ်။ နောက်တီးတိန်မှာလည်း အခုလုပ်ဖို့ ဦးတည်ဆဲ ဖြစ်နေပါတယ်။

အဲဒါကြောင့် ကျွန်တော့်မေးခွန်းအနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရဲ့ ခေါ်ပွာလ်ကျေးရွာဘေးကနေ စီးဆင်းလာတဲ့ လုံးလွေချောင်းကို ကျွန်တော်တို့ ဒီရေအားလျှပ်စစ် ထုတ်နိုင် လို့ရှိရင် ကျွန်တော်တို့ ဒီ မဏိပူရရဲ့ အနောက်ဘက်မှာ ကျေးရွာပေါင်း တော်တော်များများ ရှိပါတယ်။ နောက် အရှေ့ဘက်ခြမ်းမှာဆိုရင်လည်းပဲ ကျေးရွာပေါင်းတော်တော်များများရှိပါတယ်။ အားလုံးအိမ်ခြေ တစ်ထောင်လောက်ကို ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒီ ဖလမ်းမြို့နယ်ထဲမှာ ဖြစ်ပေမယ်လို့လည်း တကယ့်တကယ်တမ်း ကျွန်တော်တို့ ဖြန့်ဝေနိုင်မယ့်ဟာကျတော့ ကျွန်တော်တို့ တီးတိန်မြို့နယ်မှာ ကျွန်တော်တို့ လန်ဇန်းနဲ့ ပေလဲကျေးရွာနဲ့ ဦးဆွန်ဒုတ်ကျင့် မဲဆန္ဒနယ်ကျေးရွာဖြစ်တဲ့ မွာလ်ဘင်းကျေးရွာကိုလည်း ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလောက်အထိ အကျိုး သက်ရောက်မှုပေးမယ်လို့ ကျွန်တော့်အနေနဲ့ ခန့်မှန်းတာတော့ ခန့်မှန်းပါတယ်။ ဒါပေမဲ့ ပညာရှင်များ တိုင်းတာပြီးမှ ကြည့်ရှုမယ်ဆိုရင်တော့ ဘယ်လောက်အထိ ရေအားလျှပ်စစ်ရနိုင်မယ်ဆိုတာ သူတို့ သိမှာဖြစ်ပါတယ်။ နောက်ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ၊ လဆန်းပိုင်းမှာ ကျွန်တော်တို့ ဒီဖလမ်းမြို့နယ် ကျွန်တော့် ကျေးရွာဖြစ်တဲ့ ဒိုမောင်းကျေးရွာမှာလည်း ပညာရှင်(၄)ဦးကနေပြီးမှ လာရောက်တိုင်းတာခဲ့ပါတယ်။

အဲဒီကနေ ထွက်လာလို့ရှိရင် ကျွန်တော်တို့ ဒီထွက်လာတဲ့ရေအားကို ကျွန်တော်တို့ ဒီ ပတ်ဝန်းကျင်က ကျွန်တော်တို့ ဖလမ်းဘက်ကို ဖြတ်လိုက်လို့ရှိရင် ကျွန်တော်တို့နဲ့အနီးဆုံး လုံဟော့ ကျေးရွာ အိမ်ခြေ(၂၀၀) ရှိတယ်။ အဲဒီကနေ လုံပေါင်းအထိ ဖြန့်လိုက်လို့ရှိရင် လုံပေါင်းကို ကျွန်တော်တို့ လက်ရှိ ဗျူဟာ ကနေ လုံပေါင်း ဖြန့်လိုက်လို့ရှိရင် လုံပေါင်းဘက်ကို မဖြန့်တော့ဘဲနဲ့ ဖလမ်းကို အပြည့်အဝ ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ခေါ်ပွာလ်ကျေးရွာဘေးမှ မဏိပူရသို့စီးဆင်းသော လုံးလွေချောင်းမှ ရေအားလျှပ်စစ်ထုတ်ပြီး အနီးအနားရှိ ရွာပေါင်း(၁၈)ရွာ၊ အိမ်ခြေ(၁၀၀၀)ခန့် လျှပ်စစ်မီးထုတ်လုပ်ဖြန့်ဖြူးရန် အစီအစဉ် ရှိ၊ မရှိ ကို ဒေသခံ ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၈။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံး၊ ဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၆) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ လယ်ယာမြေပေါ်မှာ ကျူးကျော် ဝင်ရောက်ပြီးတော့၊ ခြံစည်းရိုးကျောက်တိုင်စိုက်ပြီးတော့ ခြံမြေအဖြစ် သတ်မှတ်ထားခြင်း၊ အဆောက်အဦဆောက်ခြင်း၊ ဝတ္တကမြေ ချမှတ်ထားခြင်းမရှိဘဲနဲ့ သာသနာရေးအဆောက်အဦ ဆောက်ခြင်းအပေါ် မည်သည့်ဥပဒေ၊ မည်သည့်နည်းနဲ့ သတ်မှတ်ဆောက်လုပ်ခွင့်ပေးနိုင်သည်ဆိုသည့် မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေနဲ့ နည်းဥပဒေများမှာ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်မြောက်ဘက် ဇေယျဝတီ ကစ္စနားဘုရားရှိခိုးကျောင်းအဖြစ် အသုံးပြုထားတဲ့မြေဟာ ဖြူးမြို့နယ်၊ လင်းယောခင်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၆၆-(ခ)၊ ဦးပိုင်အမှတ် (၂၉)၊ ဧရိယာ (၁.၃)ဧက ရှိတဲ့မြေမှာ လင်းယောခင်ကျေးရွာ တိုးချဲ့ ရွာမြေအဖြစ် အသုံးပြုရန် ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၁-၄-၁၉၉၃ ရက်စွဲပါ စာအမှတ်- ၃၇၅/၂-၇ /တဝတ (ပဲခူး)အရ လ/န (၃၉) ခွင့်ပြုမိန့် ချထားသည့် ရွာမြေအတွင်းမှာ ဖြစ်ပါတယ်။

ဖြူးမြို့နယ် တောင်ဘက်မှာရှိတဲ့ ဇေယျဝတီဓာတ်ဆီဆိုင်အနီး ခြံခတ်အဆောက်အဦငယ် အပါအဝင် အခြားလူနေအိမ် အဆောက်အဦများ ဆောက်လုပ်ထားသော မြေဟာလည်း ဖြူးမြို့နယ် ဇေယျဝတီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၆၃-ခ) ဦးပိုင်အမှတ်(၄၅) ဧရိယာ (၇.၃၁)ဧကရှိ ဇေယျဝတီ ကျေးရွာ တိုးချဲ့ရွာမြေ ဖြစ်ပါတယ်။ အဆိုပါဇေယျဝတီ ကျေးရွာတိုးချဲ့ရွာမြေ (၇.၃၁) ဧကအား ပဲခူးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ၁၁-၄-၁၉၉၃ ရက်စွဲပါစာအမှတ် ၃၇၅/၂-၇/တဝတ(ပဲခူး) အရ လ/န (၃၉)ခွင့်ပြုမိန့် ချမှတ်ပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီးတော့ ချင်းပြည်နယ်မှာ ကျေးလက်စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဆောင်ရွက်ပေးလျက်ရှိတဲ့ ကျေးလက်မီးလင်းရေးလုပ်ငန်းဟာ ရွာတစ်ရွာကို ချောင်းတစ်ခု အနေအထားနဲ့ တစ်ပိုင်တစ်နိုင်အသေးစား ကျေးလက်ရေအားလျှပ်စစ်လုပ်ငန်းများသာ ဆောင်ရွက်ခဲ့ပါတယ်။ ယခု အခါမှာ ရွာ ၁၈ ရွာ အိမ်ခြေပေါင်း ၁၀၀၀ ခန့်ကို လျှပ်စစ်မီး ဖြန့်ဝေပေးနိုင်မယ့်ကိစ္စမှာ လုပ်ငန်းပမာဏ အားဖြင့် ကြီးမားပြီးတော့ ကုန်ကျစရိတ်လည်း များပြားနိုင်ပါတယ်။ လုပ်ငန်းပမာဏ ကြီးမားတဲ့အတွက် ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနရုံးချုပ်

ကနေပြီးတော့ ပထမဦးစွာ အသေးစိတ် အချက်အလက်တွေကို ကွင်းဆင်းတိုင်းတာပေးရမှာ ဖြစ်ပါတယ်။ ၎င်းတိုင်းတာချက်ရရှိတဲ့ အချက်အလက်ပေါ် မူတည်ပြီးတော့ စက်ရုံတည်ဆောက်ခြင်း၊ ဓာတ်အားပေး လိုင်းများ တည်ဆောက်ခြင်း အစရှိတဲ့ ကုန်ကျစရိတ်များကို အသေးစိတ် တွက်ချက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ ခန့်မှန်းကုန်ကျစရိတ် စာရင်းရရှိမှသာလျှင် ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေ ခွင့်ပြုပေးနိုင်မှုပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သိရှိလိုတာကို ထပ်ဆင့်မေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီမှာ လယ်ယာမြေ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေမှာ အပိုဒ် ၈၀ မှာ ပါ ပါတယ်။ လုပ်ငန်း စီမံချက်အရ ကျေးလက်လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ သက်ဆိုင်သော စာသင်ကျောင်း ကျန်းမာရေး ဆေးရုံဆေးပေးခန်း စာကြည့်တိုက် လမ်းတံတား လယ်ယာမြေ အသုံးချရန် ရှိပါက အောက်ပါ အချက်အလက် နှင့် ညီညွတ်၍ အသုံးပြုခွင့် ပြုပါသည်ဆိုပြီးတော့ ပါ ပါတယ်။ အဲဒီမှာ စာသင်ကျောင်း ကျန်းမာရေး ဘာသာရေးဆိုင်ရာ အဆောက်အဦများ တစ်ခြားကိစ္စရပ်များ ပါ ပါတယ်။ အဲဒီမှာ အခု ဘုရားရှိခိုးကျောင်းဟာ ပြည်ထောင်စုအဆင့် သာသနာရေးဝန်ကြီးဌာန သို့မဟုတ် လူမှု ဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ခွင့်ပြုချက်ရထားပြီလားဆိုတာကို သိရှိလို၍ ထပ်ဆင့်မေးမြန်း အပ်ပါတယ်။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄)**။ ။ ဒီမေးခွန်းနဲ့ ပတ်သက် ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားဖို့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေးပေးထားတဲ့ တ.ရ.က ပဲခူးက ပဲခူးတိုင်းအစိုးရအဖွဲ့ကနေပြီးတော့ ဒီတိုင်းပဲ ဖြေထားတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မူလမေးတဲ့အထဲမှာ မပါတဲ့ဥစ္စာပဲ။ ဒါကြောင့်မို့လို့ ချက်ချင်းဖြေဖို့ ခက်တာပေါ့။ သပ်သပ်ထပ်ပြီးတော့ မေးပါ။

**ကချင်ပြည်နယ်၊ မိုးကောင်း-ဖားကန့် ကားလမ်း ပြုပြင်မည့်ကိစ္စကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးစံပြည့် က ကချင်ပြည်နယ်၊ မိုးကောင်း-ဖားကန့် ကားလမ်း ပြုပြင်မည့်ကိစ္စကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြား၍ ကြွရောက်လာသော ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးကောင်း-ဖားကန့်လမ်း ပြုပြင်ပေးရေးနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးကောင်းမြို့နဲ့ ဖားကန့်မြို့ဟာ ကားလမ်းအားဖြင့် မိုင် ၅၉ မိုင် ၄ ဖာလုံ ရှိပါတယ်။ အဲဒီတော့ လမ်းရဲ့ အခြေအနေကတော့ ကတ္တရာလမ်း ၂ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်းက ၄ မိုင် ၅ ဖာလုံ ဖြစ်ပြီးတော့ ကျန်တဲ့ ၅၂ မိုင် ၆ ဖာလုံက အမာခံလမ်း အဆင့်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ လမ်းရဲ့ သုံးပုံပုံ နှစ်ပုံ ရှိတဲ့ ၅၂ မိုင် ၆ ဖာလုံဟာ အမာခံလမ်း အဆင့်ပဲ ဖြစ်ပါတယ်။ ကျောက်မျက်တူးဖော်တဲ့အခါမှာ အသုံးပြုတဲ့ ယန္တရားကားကြီးတွေ နောက် စက်သုံးဆီတင်တဲ့ ကားကြီးတွေ နောက်ကျောက်စိမ်းတင်တဲ့ကားကြီးတွေ၊ ကုန်ပစ္စည်းတွေ တင်ဆောင်တဲ့ ကားကြီးတွေဟာ နေ့ညအဆက်မပြတ် သွားလာနေခဲ့တဲ့အတွက်ကြောင့်မို့လို့ လမ်းက တော်တော်လေး အခြေအနေဆိုးနေပါတယ်။ လမ်းကို ယခင်ကတည်းက စနစ်တကျ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်တဲ့ အဖွဲ့ကလည်း မရှိတဲ့အတွက်ကြောင့်မို့လို့ လမ်းဟာဆိုးသထက် ပိုဆိုးလာပါတယ်။

အဲဒီတော့ ဒီလမ်းနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဖားကန့်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြအုန်း က တင်ပြမေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ထူးခြားပြုပြင်မှုက မတွေ့ရပါဘူး။ မရှိသလောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပထမအကြိမ် ကျွန်တော်တို့ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှာ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ထပ်ပြီးတော့ တင်ပြမေးမြန်းပါတယ်။ မေးမြန်းတဲ့ အခါမှာ ဆောက်လုပ်ရေးပြည်ထောင်စုဒုတိယဝန်ကြီး ကနေပြီးတော့ ဒီလမ်းကို ပထမ ရွှေနဂါးကုမ္ပဏီ လီမိတက်ကို BOT စနစ် ပေးပြီးတော့ လမ်းတံတားတွေ ပြုပြင်နေပါပြီလို့ ဖြေကြားသွားတာ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ ကျွန်တော် ဖားကန့်ကို သွားပါတယ်၊ သွားတော့ အင်းတော်ကြီးဘက်နေ ကျွန်တော် သွားလိုက်တယ်။ သွားတော့ ဖားကန့်ကို ရောက်တယ်။ ဖားကန့်မှာ တစ်ညအိပ်ပြီးတော့ ဖားကန့်ကနေပြီးတော့ မိုးကောင်းကို ကျွန်တော် ပါးဂျဲရိုကားနဲ့ ကျွန်တော် လာပါတယ်။ အဲဒီတော့ ကျွန်တော် လမ်းမှာ ရပ်တန့်ခြင်း လုံး၀ မရှိပါဘူး၊ မရှိတော့ ကျွန်တော်က ဖားကန့်ကနေပြီးတော့ နေ့လယ် ၂ နာရီမှာ ထွက်လာတယ်။ ရပ်တန့်ခြင်း မရှိဘဲနဲ့ ထွက်လာတာ မိုးကောင်းကို ည ၈ နာရီမှာ ရောက်ပါတယ်။

အဲဒီတော့ ပြန်တွက်ကြည့်ရင် လမ်းက ၅၉ မိုင် ၄ ဖာလုံ ဝေးပါတယ်။ အဲဒီတော့ သွားရတဲ့ နာရီက ၆ နာရီလောက် ကြာပါတယ်ဆိုတဲ့အခါကျတော့ တစ်နာရီကို ၁၀ မိုင်လောက်သာ သွားပါတယ်။ အဲဒီတော့ ကားကြီးတွေကို ကြည့်လိုက်ပြန်တော့လည်း ကားကြီးတွေကလည်း တစ်နာရီကို ၅ မိုင် ၆ မိုင် လောက်သာ ခရီးပေါက်တဲ့အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ ပထမ ရွှေနဂါးကုမ္ပဏီလီမိတက် အနေနဲ့ လမ်းတံတားတွေ ပြုပြင်နေပါပြီလို့ ဆိုပေမယ့်လည်း ကျွန်တော်ရဲ့ မျက်မြင်တွေ့ရှိချက်အရ ကတော့ လုပ်တယ်လို့ ပြုပြင်တယ်လို့ ဆိုရအောင် အဲဒီတော့ ၂ မိုင် ၃ မိုင် သွားလိုက်လို့ရှိရင် ကျောက်ပုံ တစ်ပုံနှစ်ပုံစသဖြင့် ဒီလိုလေးတွေ ပုံထားတာ တွေ့ပါတယ်။ အဲဒီတော့ ဒီဟာကဒီနေရာကလမ်းပျက်လို့ လမ်းကိုပြင်ဖို့ ဖို့ထားတယ်လို့လည်း ဆိုရလောက်အောင်ကလည်း လမ်းက ပျက်တဲ့နေရာက အလားတူ ပျက်တဲ့နေရာကလည်း အများကြီးဖြစ်ပါတယ်။ ပုံထားတဲ့နေရာကလည်း လမ်းပျက်လို့ပုံတဲ့ သဲပုံ မဟုတ်ပါဘူး။ အဲဒီတော့ လုပ်ငန်းကိုလုပ်တယ်လို့ ပြလို့ရအောင် လုပ်ထားတဲ့ အနေ အထားမျိုးပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒုသမ္မတကြီး ဒေါက်တာစိုင်းမောက်ခမ်း လည်း ဖားကန့်ကို ရောက် ပါတယ်၊ ရောက်တဲ့အချိန်မှာ ဘာပြောလဲဆိုတော့ ပြည်သူတွေက ဘာပြောကြလဲဆိုတော့ ကျွန်တော့်ကို

ပြန်ပြောကြပါတယ်။ ဒုသမ္မတကြီး ဒေါက်တာစိုင်းမောက်ခမ်း လာတုန်းကလည်းဟာ မင်းတို့ ဖားကန့်လမ်းဟာ မုန့်လင်မယားကြော်တဲ့ ဒယ်အိုးလို ဖြစ်နေပါလား ဆိုပြီးတော့ အဲဒီလိုပြောသွားတယ်လို့ သိရပါတယ်။ ဆိုလိုတာက လမ်းကအခြေအနေ တော်တော်ဆိုးတယ်ဆိုတာ ဒါလေးကို ကျွန်တော် တင်ပြလိုတာပါ။

အဲဒီတော့ အဌမပုံမှန်အစည်းအဝေးမှာ ကျွန်တော်တင်ပြပြီး မကြာခင်မှာပဲ ၇-၁၀-၂၀၁၃ ရက်စွဲနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော့်ဆီကို စာတစ်စောင်ပို့လိုက်ပါတယ်။ အဲဒီစာကတော့ ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်း ၏ ခရီးစဉ်လမ်းညွှန်ချက်အရ မိုးကောင်း-ကာမိုင်းလမ်းအား တာဝန် ခွဲဝေချထားသည့် အစီအစဉ်ပေးပို့ခြင်း ဆိုပြီးတော့ ကျွန်တော့်ကို ပေးပို့ခဲ့ပါတယ်။ အဲဒီတော့ အဲဒီစာအရ ဖော်ပြချက်ကတော့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၏ ခရီးစဉ်လမ်းညွှန်ချက် အရ ဆောင်ရွက်မယ့် ကုန်ကျစရိတ်ကို တွက်ချက်၍ နိုင်ငံတော်မှ ၅၀ ရာခိုင်နှုန်းနဲ့ ကျောက်မျက်ကုမ္ပဏီများမှ ၅၀ ရာခိုင်နှုန်း ကျခံပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက် သွားမည်လို့ ကျွန်တော့်ကို အကြောင်းကြားပါတယ်။ အဲဒီစာထဲက ပါရှိချက် တချို့ကို ဖော်ပြရလို့ရှိရင် နိုင်ငံတော်အပိုင်း ဆောင်ရွက်မယ့်အပိုင်းက တစ်ဝက်ဖြစ်ပါတယ်။ အဲဒီမှာ အဲဒီ တစ်ဝက်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မယ့် လမ်းအကွာအဝေးပေါ့၊ လမ်းမိုင် အဲဒါက ၁၇ မိုင်ဖြစ်ပါတယ်။ ပထမ ရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက်မယ့် အပိုင်းက ၁၂ မိုင် ၆ ဖာလုံ ဖြစ်ပါတယ်။ အဲတော့ အဲနှစ်ခုပေါင်းလိုက်တော့ ၂၉ မိုင် ၆ ဖာလုံ လမ်းခရီးတစ်ဝက်ပါ။ အဲဒီဟာက နိုင်ငံတော်အပိုင်းက ဆောင်ရွက်ရမယ့် ကဏ္ဍပါ။

နောက်တစ်ခါ သတ္တုတွင်းဝန်ကြီးဌာနမှ ဆောင်ရွက်မည့် လမ်းမိုင် ဆိုပြီးတော့ ၂၉ မိုင် ၆ဖာလုံ ဖော်ပြထားပါတယ်။ ဒါကတော့ ကျောက်မျက်ကုမ္ပဏီများ အပိုင်းက ဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါတယ်။ အဲဒီတော့ လမ်းအစကနေအဆုံး တွက်ချက်မှုအရ လမ်းပြုပြင်ရန် ကျပ်သန်း ၅၉၀.၈ သန်းကုန်ကျပါတယ်။ တံတားပြုပြင်ဖို့အတွက်က ကျပ်သန်း ၁၂၃ သန်း စုစုပေါင်း ကျပ်သန်း ၇၁၃.၈ သန်း ကုန်ကျမယ်လို့ ဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ မြစ်ကြီးနား ကိုရောက်တော့ ဘယ်လို ပြန်ကြားရလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့သမ္မတကြီးကနေပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီး နောက်တစ်ခါ ကချင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ အခြားသက်ဆိုင်တဲ့တာဝန်ရှိတဲ့ အကြီးအကဲအချို့ကို ခေါ်ယူတွေ့ဆုံပြီးတော့အဲတော့ ဒီ မိုးကောင်းနဲ့ ဖားကန့်လမ်းကို ကချင်ပြည်နယ် ဝန်ကြီးချုပ်ရဲ့စီမံခန့်ခွဲမှုနဲ့ ကျောက်မျက်ကုမ္ပဏီများရဲ့ ကူညီပံ့ပိုးမှုငွေနဲ့ လမ်းကိုပြုပြင်ရမယ်ဆိုတော့ ဒီလိုတာဝန်ပေးလိုက်တယ်လို့ ကျွန်တော်ကြားသိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်ကလဲ တစ်ခါ ကျွန်တော်တို့ ကျောက်မျက် လုပ်ငန်းရှင်များကိုခေါ်ယူပြီးတော့ လမ်းကိစ္စ၊ ဆောင်ရွက်မယ့်ကိစ္စနဲ့ ပတ်သတ်ပြီးတော့ အလှူငွေ ကောက်ခံတဲ့အကြောင်းကိုလည်း သိရပါတယ်။ အဲဒီတော့ နောက်တစ်ခါ ကျောက်မျက် လုပ်ငန်းရှင်များ အပိုင်းကလည်း သူတို့ကလည်း ယခုအချိန်ဟာ လုပ်ငန်းရပ်ဆိုင်းထားရတဲ့ အနေအထားဖြစ်တဲ့အတွက် ကြောင့်မို့ အဲဒီတော့ ဝင်ငွေကမရှိဘဲနဲ့ ထွက်ငွေက များနေရတဲ့အတွက်ကြောင့်မို့ အလှူခံတဲ့ငွေ လုပ်ကွက် တစ်ကွက်ကို သိန်း ၁၀၀ ဒါကို သူတို့ ထည့်ဝင်နိုင်ခြင်းမရှိဘူးလို့ ကျွန်တော့်အနေနဲ့ ကြားသိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်မှာ မေးမြန်းတဲ့အခါမှာ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်

နောက်တစ်ခါ ဒေါက်တာစိုင်းမောက်ခမ်း ရဲ့ လမ်းညွှန်ချက်အရ တာဝန်ခွဲဝေမှုအပိုင်းဖြစ်တဲ့ စာနဲ့ ဖြေကြားချက်ရယ် နောက်ဆုံးအခုကြားသိနေရတဲ့ ကျွန်တော် ကချင်ပြည်နယ် ဝန်ကြီးချုပ်ရဲ့ အစီအမံနဲ့ ကျောက်မျက်များ ကုမ္ပဏီရဲ့ ကုမ္ပဏီများက ကူညီပံ့ပိုးငွေနဲ့ဆောင်ရွက်ရမယ့် ဒီစနစ်တွေဟာ အဲဒီတော့ ဘယ်စနစ်နဲ့ ဆောင်ရွက်မှာလဲ။ ကျွန်တော်တို့ အတိအကျ သိလိုပါတယ်။ အဲဒီတော့ မဟုတ်ဘူးဆိုလို့ ရှိရင်တော့ ဘယ်အဖွဲ့ကဘယ်သူ့ကို တာဝန်ပေးတယ်ဆိုတာကို တိတိကျကျမသိရလို့ရှိရင် အဲဒီတော့ ကျွန်တော်တို့ ဒီ ပွင့်လင်းရာသီကုန်သွားလို့ မိုးရာသီ ရောက်လာလို့ရှိရင် လမ်းဟာ ဆိုးသထက် ပိုဆိုးလာမယ့် အနေအထား ရှိပါတယ်။

ဒါကြောင့်မို့ ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးခွန်း (၄)ခုကို မေးမြန်းလိုပါတယ်။ ပထမမေးခွန်းကတော့ မိုးကောင်း-ဖားကန့် ကားလမ်းကို လမ်းအစမှ အဆုံး အထိ ဖြစ်စေ၊ လမ်းအပိုင်းလိုက်ဖြစ်စေ မည်သည့်အဖွဲ့အစည်းကို တာဝန်ပေးရမှာလဲ။ ဒါကိုသိချင်ပါတယ်။ နောက် ဒုတိယမေးခွန်းကတော့ တွက်ချက်မှုအရ လမ်း၊ တံတားပြုပြင်ရန် ငွေ မည်မျှကုန်ကျမည်။ လမ်းအပိုင်းလိုက် မည်သည့်လမ်းအဆင့် ပြုပြင်မည်။ ဒီဟာကို ဒီမေးခွန်းကို သိချင်ပါတယ်။ နောက် မေးခွန်း(၃)ကတော့ မည်သည့်အချိန်တွင်စတင်ပြီး မည်သည့်အချိန်တွင်ပြီးစီးအောင် ဆောင်ရွက်မည်။ နောက် နောက်ဆုံးမေးခွန်းကတော့ လမ်းပြင်ဆင်မှုများဆောင်ရွက်နေစဉ် လမ်းပြုပြင်မှုကိုသတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်မှု ရှိ၊ မရှိ ကို ပြည်သူများ လေ့လာသိရှိနိုင်ရန်နဲ့ ပွင့်လင်းထင်သာမြင်သာမှု ရှိစေရန် လမ်းအပိုင်းလိုက်၊ လမ်းအမျိုးအစား အဆင့်အလိုက် ဖွဲ့စည်းတည်ဆောက်မှုပြတဲ့ ဖြတ်ပိုင်းပုံများ ရေးဆွဲ ပြီးတော့ ပြသရှင်းလင်းပေးနိုင်ရန်၊ စီစဉ်ညွှန်ကြားပေးထားနိုင်မှု ရှိ၊ မရှိ စတဲ့မေးခွန်း(၄)ခုကို မေးမြန်းလိုပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး လိုအင်ဆန္ဒတွေပြည့်စုံကြတဲ့အပြင် မင်္ဂလာအပေါင်းနဲ့လည်းခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစံပြည့် မှ မေးမြန်းထားတဲ့အချက်(၄)ချက် ဖြစ်ပါတယ်။

ဒီအချက်(၄)ချက်ကတော့ (က) မိုးကောင်း-ဖားကန့်လမ်းကို လမ်းအစမှ အဆုံးအထိဖြစ်စေ၊ လမ်းအပိုင်းလိုက်ဖြစ်စေ မည်သည့်အဖွဲ့အစည်းကိုတာဝန်ပေးအပ်မည်။ (ခ) တွက်ချက်မှုအရ လမ်း၊ တံတား ပြုပြင်ရန်ငွေ မည်မျှကုန်ကျမည်။ လမ်းအပိုင်းလိုက် မည်သည့်အဆင့် ပြုပြင်မည်။ (ဂ) မည်သည့်

အချိန်တွင်စတင်ပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်မည်။ (ဃ) လမ်းပြင်ဆင်မှုများ ဆောင်ရွက်နေစဉ် လမ်းပြုပြင်မှုကိုသတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်မှု ရှိ၊ မရှိ ကို ပြည်သူများ လေ့လာသိရှိနိုင်ရန် လမ်းအပိုင်းလိုက်၊ လမ်းအမျိုးအစားအဆင့်အလိုက် ဖွဲ့စည်းတည်ဆောက်မှုပြ ဖြတ်ပိုင်းပုံများ ရေးဆွဲ၍ ပြသရှင်းလင်းပေးနိုင်ရန်၊ စီစဉ်ညွှန်ကြားပေးထားနိုင်မှု ရှိ၊ မရှိ စတဲ့မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးမြန်းပေးတဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစံပြည့် ကို ကျွန်တော်တို့ အထူးကျေးဇူးတင်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါ သုံးကြိမ်မေးမြန်းတဲ့နေရာမှာ ဒါ ဦးစံပြည့် ကိုယ်တိုင် (၂)ကြိမ် ကျွန်တော်တို့ကို ဆက်လက် မေးမြန်းတာ ဖြစ်ပါတယ်။ ဒီလိုမေးမြန်းပြီးတဲ့ အချိန်ကစပြီးတော့ ကျွန်တော်တို့ကလည်းပဲ လုပ်ငန်းဆောင်ရွက်မှုကို အားရကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော်တို့ အဆင့်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ ဒါ ဒုတိယသမ္မတကြီး ကိုယ်တိုင်သွားရောက်ကြည့်ရှုပြီးတော့ တာဝန်ခွဲဝေခဲ့တာ တစ်ခုရှိပါတယ်။ ဒီအပြင်မှာ လည်းပဲ ပီပြင်မှုမရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးကိုပါ ဆက်လက် တင်ပြတဲ့အခါမှာ နောက်ဆုံးနိုင်ငံတော်သမ္မတကြီးရဲ့ အစီအမံနဲ့ ကချင်ပြည်နယ်အစိုးရက တစ်ဝက်၊ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ဝက် ဆိုပြီးတော့ ဒီလိုစေခိုင်း တာဝန်ပေးအပ်ခြင်းဟာ နိုင်ငံတော်က ဘယ်လောက်ထိ အလေးထားတယ်ဆိုတာကို ပေါ်လွင်စေတာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ တင်ပြချက်များကို ပိုမိုရှင်းလင်းစေရန်အတွက် Power Point ဖြင့်တင်ပြခွင့် ပြုပါခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ ကျွန်တော်တို့ မိုးကောင်းဖြစ်ပါတယ်။ ပထမပုံလေးပြန်ပြပေးပါ။ ဒါမိုးကောင်း ဖြစ်ပါတယ်။ ဒါ ကာမိုင်းဖြစ်ပါတယ်။ ဒီမှာ လုံးခင်းနဲ့ ဖားကန့်ဖြစ်ပါတယ်။ စုစုပေါင်း မိုင်အရှည်ဟာ ၅၉ မိုင်နဲ့ ၄ ဖာလုံဖြစ်ပါတယ်။ ဒီ ၅၉ မိုင်နဲ့ ၄ ဖာလုံကို ဒီက အနီပြထားတဲ့ ဒီအပိုင်း ၂၉ မိုင်နဲ့ ၄ ဖာလုံကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြီးတော့ ဒီဘက်ကအပိုင်းကို တော့ ဒါ ကချင်ပြည်နယ်အစိုးရက တာဝန်ယူဖို့ဆိုပြီးတော့ ၂၉ မိုင်နဲ့ ၆ ဖာလုံစီ တစ်ဝက်စီ ခွဲခြားထားတာ ဖြစ်ပါတယ်။ ဒီလမ်းပေါ်မှာ ကျွန်တော်တို့ ပြန်ကြည့်လို့ရှိရင် ဒီမှာ RC တံတား အားလုံးပေါင်း (၁၃) စင်း ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအပြင် ငါးပေ ရေပြင်ဟာလည်း (၃၂) စင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဒါ ကိုယ်စားလှယ်ကြီးဦးစံပြည့်တင်ပြသွားတဲ့အတိုင်း မှန်ပါတယ်၊ လမ်းပျက်ဆီး နေမှုဟာ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အခြေအနေ အရပ်ရပ်ကြောင့် လမ်းကိုဝင်ရောက် ပြင်ဆင်နိုင်ခြင်း မရှိတဲ့အခါမှာ ဒါ တစ်စစ ပိုမိုဆိုးရွားစွာ ပျက်စီးလာတဲ့ ပုံတွေဖြစ်ပါတယ်။ ဒါလမ်းပျက်ဆီး နေတဲ့ ပုံတွေကို ကျွန်တော်တို့ တင်ပြထားတာဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တို့ အခုစပြီးတော့ ဒီမှာ မိုင် ၁၄/၂ နဲ့ ၁၄/၃ အတွင်းမှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ လမ်းဝင်ရောက်ပြင်ဆင်နေတဲ့ ပုံဖြစ်ပါတယ်။ ဒီပြင်ဆင်နေ တာဟာ ကျွန်တော်တို့ ဖေဖော်ဝါရီလ (၁၁)ရက်နေ့က ရိုက်ထားတဲ့ဓာတ်ပုံ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ၉ ရက် ၁ လက ဘေးက တောင်နံရံတွေကိုချဲ့ပြီးတော့ လမ်းပြုပြင်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အတ္တရံတံတားရဲ့ ချဉ်းကပ်လမ်းကို ကျွန်တော်တို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီတံတားချဉ်းကပ်လမ်းလည်းခုချိန်မှာ ၉၀ ရာခိုင်နှုန်းလောက် ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ဒါက မိုင် ကျွန်တော်တို့ ဒါ (၁၈/၆)ကအထိ (၅)မိုင်၊ (၆)ဖာလုံအတွင်းမှာ လမ်းစတင်ပြုပြင်ပြီးတဲ့ အခြေအနေတွေကို

ဖေဖော်ဝါရီလ (၁၁)ရက်နေ့က တင်ပြထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါ မိုင်တိုင် (၁၃)ကနေ (၁၈/၆)အထိ (၅)မိုင်၊ (၆)ဖာလုံမှာ လမ်းပြင်ဆင်ပြီးတဲ့ ပုံလေးကို ရိုက်ပြထားတာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ လမ်းပြင်ဆင်ထားတဲ့ ပုံကို Radar နဲ့ လမ်းပုံဖော်နေတဲ့ဟာကို ပြသထားခြင်း ဖြစ်ပါတယ်။ ဒါ (၁၉/၄)နဲ့ (၁၉/၅) အတွင်းမှာ လမ်းပျက်စီးနေတဲ့ ပုံဖြစ်ပါတယ်။ လမ်းသား မရှိတော့ဘဲနဲ့ လမ်းကြောင်းကလေးကို သူတို့ ဖြစ်သလို မောင်းနှင်သွားလာနေရတာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစံပြည့် တင်ပြတဲ့အတိုင်း အမှန်အကန်ပဲ ဖြစ်ပါတယ်။ ဒါကလည်း လမ်းပျက်စီးနေတဲ့ ပုံဖြစ်ပါတယ်။ လမ်းပျက်စီးနေတဲ့ ပုံတွေ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ ကျွန်တော်တို့အနေနဲ့ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတာဖြစ်တဲ့အတွက် ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကို ၂၇-၁-၂၀၁၂ ရက်နေ့ကစတင်ပြီးတော့ BOTစနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ နယ်မြေလုံခြုံရေး အခြေအနေအရ ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် သွားလာရေးအခက်အခဲများ ကြုံတွေ့ရတာ အမှန်ပဲ ဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် မိုးကောင်း(ပါဟုတ်)-ကာမိုင်း (၁၇)မိုင်ကို ၁၉-၉-၂၀၁၃ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြန်လည်အပ်နှံခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ မိုးကောင်း-ဖားကန့်လမ်းကို အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရဲ့ ကချင်ပြည်နယ် ခရီးစဉ် ညှိနှိုင်းချက်အရ လမ်းပြုပြင်ခြင်းကို ကုန်ကျစရိတ်များနဲ့ ပတ်သက်ပြီး နိုင်ငံတော်မှ (၅၀)ရာခိုင်နှုန်းနဲ့ ကျောက်မျက်ကုမ္ပဏီများမှ (၅၀)ရာခိုင်နှုန်း ကျခံပြင်ဆင်ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်ခဲ့တယ်လို့ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တာလည်း ဒါ အမှန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ ထိန်းသိမ်းတဲ့ အပိုင်းမှာ BOT လုပ်ကိုင်ခွင့်ပြုထားတဲ့ ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် BOT ပေးခဲ့တဲ့ လမ်းအပိုင်းကို ပြန်လည်သိမ်းယူပြီးတော့ မိုးကောင်း-ကာမိုင်း-ဖားကန့် အပိုင်းမှာရှိတဲ့ မိုင်(၂၉)မိုင်၊ (၆)ဖာလုံကို ကျွန်တော် ဒါ Power Point မှာ တင်ပြခဲ့တဲ့အပိုင်းကို လမ်းချော ဖြစ်အောင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း (၂၄)ပေ အကျယ်၊ (၅၅)တန် ခံနိုင်ဝန်ရှိတဲ့ ကတ္တရာလမ်းအဖြစ် တည်ဆောက်နိုင်ရေးအတွက် လမ်းဒီဇိုင်း ပုံစံ ထုတ်ရန်နဲ့ လမ်းပေါ်မှာရှိတဲ့ တံတားများကို သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်ရန် လျာထားပြီး စီမံကိန်းတန်ဖိုးမှာ ကျပ်(၃၁၆၉၂)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကတ္တရာလမ်းအဆင့်အထိ ဆောင်ရွက်မှာဖြစ်သော်လည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း(၁၀၀၀)နဲ့ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၂၅၇.၅)သန်း စုစုပေါင်းကျပ် (၁၂၅၇.၅)သန်းနဲ့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမပတ်မှ စတင်ပြီး လမ်းချိုင့်ခွက်များကို စက်ဖြင့် ထိုးညှိ၍ ချောင်းသဲကျောက်ခင်းခြင်း (၂၂)မိုင်၊ (၅)ဖာလုံ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဘေလီ တံတား(၃)စင်းကိုလည်း ပြန်လည်ပြုပြင်ပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် အတ္တရံတံတား ချဉ်းကပ်လမ်း မြေဖို့ခြင်း ပေ(၁၁၀၀) ချဉ်းကပ်လမ်းကိုလည်း ဆောင်ရွက်လျက်ရှိရာမှာ (၉၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ

ခွင့်ပြုရန်ပုံငွေနဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်ခဲ့တဲ့အပိုင်းကို မိုးတွင်းကာလ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် မတ်လအကုန်မှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း (၂၉)မိုင်၊ (၆)ဖာလုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း (၁၅၀၀)နဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားရန် လျာထားတင်ပြထားပါတယ်။ သတ္တုတွင်းဝန်ကြီးမှလည်း ဆောင်ရွက်မယ့် ကျန် (၂၉)မိုင်၊ (၆)ဖာလုံကို လမ်းညွှန်ချက်အရ ကျောက်မျက်ကုမ္ပဏီများရဲ့ ထည့်ဝင်ငွေနဲ့ ဆောင်ရွက်ဖို့ စီစဉ်ခဲ့သော်လည်း ယခုအခါမှာ ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ချက်အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက် လွန်ခဲ့တဲ့ (၂)ရက်ကပဲ နိုင်ငံပိုင်သတင်းစာများမှာ အိတ်ဖွင့်တင်ဒါ ခေါ်ယူပြီးတော့ မတ်လကုန်မှာ လုပ်ငန်းများ စတင်ဆောင်ရွက်မှာဖြစ်ပြီး၊ မေလ ပထမပတ်မှာ သွားလာရေး လွယ်ကူအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းအပိုင်းလိုက်မှာလည်း ဆောင်ရွက်ရမယ့် လမ်းအမျိုးအစား အဆင့်ပေါ်မူတည်ပြီး ဆောင်ရွက်ရမယ့် လမ်းဖြတ်ပိုင်းပုံများကို ဒီ ပုံစံအတိုင်း ကျွန်တော်တို့ ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မြေပြန့်အပိုင်းမှာ လမ်းရဲ့(Formation) လမ်းသားအကျယ်ကို ပေ(၄၀) ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကတ္တရာလမ်းကိုတော့ (၂၄)ပေ ဆောင်ရွက်မှာ ဖြစ်ပြီးတော့ တစ်ဘက်မှာ အမာခံလမ်းပုခုံးက(၄)ပေ၊ မြေသားလမ်းပုခုံးက(၄)ပေ စသည်ဖြင့် ဒီ ပုံစံနဲ့ ဆောင်ရွက်သွားပြီးတော့ ဒီမှာ ကျွန်တော်တို့ (၃)လက်မအထူရှိတဲ့ Pile matt ဒါ ကတ္တရာခင်းမှာ ဖြစ်ပါတယ်။ ဒီအောက်မှာ (၆)လက်မခံပါ့မယ် ပြီးရင်(၁၂)လက်မခံတဲ့ ဒီလိုဖြတ်ပိုင်းပုံစံနဲ့ ကျွန်တော်တို့ ရေးဆွဲသွားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ မြေပြန့်ပိုင်းတွေကို ပေ(၄၀)ထားပေမယ့် တောင်ပေါ်ပိုင်းတွေကိုတော့ ကျွန်တော်တို့ (၃၄)ပေပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ တည်ဆောက်မယ့်လမ်း ဖြတ်ပိုင်းပုံများ ရေးဆွဲပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဗိနိုင်းဆိုင်းဘုတ်များ စိုက်ထူသွားရန် ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။ လမ်းဒီဇိုင်းပုံစံမှာ ပါရှိတဲ့ လမ်းစံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရေးကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကချင်ပြည်နယ်၊ တာဝန်ခံအင်ဂျင်နီယာချုပ်က အနီးကပ်ကြီးကြပ်ပြီးတော့ ကချင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရဲ့ ကွပ်ကဲမှုအောက်မှာ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၂)ဖွဲ့နဲ့ တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၅၅ နာရီတွင် ရပ်နားပြီး ၁၁း၁၀ အချိန်တွင် ပြန်လည် ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က ကော်မတီရဲ့ အစီရင်ခံစာ ကို ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးစိုးမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီဝင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် ပြန်လည်စိစစ် တင်ပြ ခြင်း အစီရင်ခံစာကို တ င်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၉၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၇-၁-၂၀၁၄ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၉-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော်၊ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၇)မှ ဦးနိန်းခင်းပေါင် နှင့် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တို့မှ အကြံပြု ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် အကြံပြုဆွေးနွေးခဲ့ကြသော ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်များတို့သည် ၂၁-၂-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ လမ်းမကြီးများ နယ်နိမိတ်ကို သတ်မှတ်ရာ၌ ပြည်သူအများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် အခြားတည်ဆဲမြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှု တို့ကိုပါ ထည့်သွင်းစဉ်းစားပြီး စနစ်တကျသတ်မှတ်နိုင်ရန်အတွက် ပုဒ်မ ၁၀-က အဖြစ် အထွေထွေအပိုင်းမှာ အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်းကို ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

ပုဒ်မ ၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ် အဆောက်အဦများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့်အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှု အခြေအနေ၊ အခြားတည်ဆဲမြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်း စဉ်းစား၍ သတ်မှတ်ရမည်ဟု ဖြည့်စွက်ရန် သဘောတူညီခဲ့ကြပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ဖြစ်ပါတယ်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပုဒ်မ ၁၀-က အဖြစ် အသစ်ထပ်မံ ဖြည့်စွက်ထားခြင်းအပေါ် အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်) ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂ (က)(ခ)(ဂ)(ဃ)

၂။ လမ်းမကြီးများဥပဒေတွင်

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၌ ပါရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးကိုဆိုသည် ဆိုသည့် စကားရပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၌ ပါရှိသော ပြည်နယ်နှင့် တိုင်း ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ) နှင့် (ဌ)တို့၌ပါရှိသော အစိုးရအဖွဲ့ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ဃ) ပုဒ်မ ၆ ၌ ပါရှိသာ ပြည်နယ်၊ တိုင်းဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂ (က)(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ) (ဃ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ လမ်းမကြီးများဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇။ (က) မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်

(၁) လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(၂) လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊

(၃) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ် ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၃၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် အပိုဒ် ၄

၄။ လမ်းမကြီးများဥပဒေတွင်

(က) ပုဒ်မ ၈ ၌ ပါရှိသော ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)နောက်တွင် ပါရှိသော ပုဒ်မခွဲ (င)နှင့် (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်

(င) လမ်းမကြီး နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ လမ်း တံတားနှင့် မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၄၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)(ခ)(င)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)(ခ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ လမ်းမကြီးများဥပဒေတွင်

(က) ပုဒ်မ ၉ ၌ ပါရှိသော ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)ကို ပယ်ဖျက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၆

၆။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၀ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်းလူနေအိမ် အဆောက်အဦများ၏ တည်ရှိမှု အခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှု အခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်း စဉ်းစား၍ သတ်မှတ်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပုဒ်မ ၁၀-က ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၁၀-က သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် -

၇။ လမ်းမကြီးများဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

( ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်ရှိ အသုံးပြုနေဆဲဖြစ်တဲ့ လမ်းမကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားပေးပါရန် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့က ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ကျွန်တော်မှ အဆို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆို တင်သွင်းခဲ့သည့် လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်တို့မှ အကြံပြုဆွေးနွေးမှုများအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လမ်းညွှန်ခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လမ်းညွှန်ချက်နဲ့အညီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ၂၁-၂-၂၀၁၄ ရက်နေ့မှာ လွှတ်တော်ရုံး ၊-၁၆ မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားတဲ့ ပြည်သူ့ဆောက်လုပ်ရေးမှ အဖွဲ့နဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့ ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြပြီး လမ်းမကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ကြီး (၂)ဦးရဲ့ ဆွေးနွေးချက်အပေါ် ဖြည့်စွက်ရန်အချက်ကို ထပ်မံဆွေးနွေးခဲ့ကြပါတယ်။ အဲဒီ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြရလျှင် လမ်းမကြီးဥပဒေ အခန်း(၆)၊ အထွေထွေအခန်း ပုဒ်မ ၁၀ နဲ့ ၁၁ ကြားမှာ ပုဒ်မ ၁၁ အဖြစ် ထပ်မံဖြည့်စွက်ခဲ့ခြင်းဖြစ်ပြီး အသေးစိတ်မှာ ပုဒ်မ ၁၁ ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်းရှိ လူနေအိမ် အဆောက်အဦများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှု အခြေအနေ၊ အခြားတည်ဆဲမြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှု များကိုပါ ထည့်သွင်းစဉ်းစားရန် သတ်မှတ်ရမည်ဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းမကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး တင်သွင်းသွားသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဤလွှတ်တော်မှ အတည်ပြုရန်အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

၂။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် ပုဒ်မ ၃ တို့တွင် ပါရှိသော လုပ်ထုံးလုပ်နည်းဖြင့်ဆိုသည့် စကားရပ်ကို အမိန့်ကြော်ငြာစာဖြင့်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

၉။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

၁၁။ (က) မည်သူမဆို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး

ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်၊

(ခ) တရားရုံးသည် ပုဒ်မခွဲ(က)အရ တရားစွဲဆိုသောပြစ်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိရလျှင် အဆိုပါ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် ပြစ်မှုကျူးလွန်သူက ပေးဆောင်ရမည့် အသုံးပြုခကို သက်ဆိုင်ရာ အသုံးပြုခ ကောက်ခံသူသို့ ပေးဆောင်စေရန် အမိန့်ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်

လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစား ထိုးရမည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပုဒ်မ ၁၃ ပုဒ်မခွဲ(က)(ခ)(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပုဒ်မ ၁၃ ပုဒ်မခွဲ(က)(ခ)(ဂ) သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လမ်းနှင့်တံတား အသုံးပြုခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်ရှိ အသုံးပြုနေဆဲဖြစ်တဲ့ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးရန်အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား စဉ်းစား ဆွေးနွေးပေးပါရန် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့က ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ကျွန်တော်မှ အဆိုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆို တင်သွင်းခဲ့တဲ့ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သီးခြားဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ် မရှိပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်တွင် အတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက တင်သွင်းသော လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုကို ကျွန်တော် ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)မှ ထောက်ခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ(၁/၂၀၁၄) ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးမှတ်ကြီး (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူတို့၏

တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ ၁/၂၀၁၄ ပထမပိုင်းကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိဒါန်း

၁။ ပြည်သူများက လွှတ်တော်ကို အားကိုးကြီးစွာဖြင့် တင်ပြလာတဲ့ တိုင်ကြားစာများကို မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီသည် ပြည်သူများထံမှ ပေးပို့လာသော တိုင်ကြားစာ၊ အသနားခံစာများကို လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရည်ရွယ်ချက်

၂။ ရည်ရွယ်ချက်အနေနဲ့ကတော့ ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူတွေက တင်ပြထားတဲ့ တိုင်ကြားစာ၊ အသနားခံစာများကို စိစစ်လေ့လာပြီးတော့ ကော်မတီရဲ့ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုတင်ပြချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီးတော့ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ထံ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ များထံသို့လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လိပ်မူပေးပို့ခဲ့ပါတယ်။ ထို့အတူတစ်ပြိုင်နက်တည်းလည်း ကာယကံရှင်များထံကိုလည်း မိတ္တူပေးပို့ခဲ့ပါတယ်။ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သိရှိနိုင်ပါရန် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို အစီရင်ခံတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

၃။ ကော်မတီအနေနဲ့ကတော့ ဖွဲ့စည်းမှုကတော့ ၉-၈-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၇)ဦးနဲ့ ဖွဲ့စည်းခဲ့ပြီးတဲ့နောက် ၂၆-၁-၂၀၁၂ရက်နေ့မှာတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ (၃)ကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးတဲ့နောက် နောက်ဆုံးမှာတော့ ၅-၈-၂၀၁၃ ရက်နေမှာ ကျွန်တော်တို့ ကိုယ်စားလှယ် (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၄။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေ အနေနဲ့ကတော့ ပြည်သူတွေကနေပြီးတော့ လွှတ်တော်ကို အားကိုးကြီးစွာဖြင့် တင်ပြလာတဲ့ တိုင်ကြားစာများရဲ့ မှန်ကန်မှုကို လေ့လာစိစစ်ရတယ်။ တရားရုံးတစ်ခုရဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စများမှအပ မှန်ကန်သော တိုင်ကြားချက်များအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်းပေးရတယ်။ မှန်ကန်မှု မရှိသော တိုင်ကြားစာများအတွက်လည်း အကျိုးအကြောင်းရှင်းလင်းဖော်ပြပြီးတော့ ပြန်ကြားပေးရတယ်။ တိုင်ကြားစာများအနက် အများပြည်သူအကျိုးစီးပွားနဲ့ စပ်ဆိုင်သောကိစ္စရပ်များကို လွှတ်တော်သို့ အဆို တင်ပြကြရတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြောင်းကြား အသိပေး၊ အကြံပြုခြင်းများကို ပြုလုပ်ကြရပါတယ်။

ဒီ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ အနှစ်ချုပ် ကျွန်တော်တင်ပြခွင့်ပြုပါလို့ ဒါ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကတော့ ကျွန်တော် မဖတ်တော့ပါဘူး။

လုပ်ငန်းဆောင်ရွက်မှု အခြေအနေလေးကို တင်ပြအစီရင်ခံချင်ပါတယ်။ လုပ်ငန်းအနေနဲ့ ကတော့ အစီရင်ခံစာများ တင်သွင်းခြင်းကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ အစီရင်ခံစာ (၁/၂၀၁၂) ကို တင်သွင်းခဲ့ပြီးတဲ့ နောက်ကို ဆဋ္ဌမ ပုံမှန်အစည်းအဝေးမှာလည်း အစီရင်ခံစာကို (၁/၂၀၁၃) ကို တင်သွင်းခဲ့ပါတယ်။ အဆိုများအနေနဲ့ ကတော့ အဆိုများကိုလည်း တင်သွင်းခဲ့ပါတယ်။ အဆိုများအနေနဲ့ကတော့ ဒုတိယပုံမှန် အစည်းအဝေးမှာ အဆို(၂) ရပ်ကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ ပထမအဆိုကတော့ ပြည်သူတွေရဲ့ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းသာစွာနဲ့ လူနေမှုဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့် တို့က ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒုတိယအဆို အနေနဲ့ကတော့ လယ်ယာမြေ သိမ်းဆည်းမှုများနှင့် ပတ်သက်ပြီးတော့ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိသေးတဲ့အတွက် အမှုအခင်းများစွာ ရှိနေတဲ့အတွက် နိုင်ငံတော် အစိုးရအနေဖြင့် စနစ်တကျ စိစစ်ကိုင်တွယ်ပြီးတော့ ဖြေရှင်းနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆို ဖြစ်ပါတယ်။

နောက် စတုတ္ထပုံမှန် အစည်းအဝေးမှာ အဆို(၄)ရပ်ကို ကျွန်တော်တို့ တင်သွင်းခဲ့ပါတယ်။ ပထမအဆိုအနေနဲ့ကတော့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာမှာ သန့်ရှင်းတဲ့ အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ အဆင့်ဆင့် သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေနဲ့ ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ တိကျစွာ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်လုပ်ကိုင် ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

နောက် ဒုတိယအနေနဲ့က နိုင်ငံ့ဝန်ထမ်းတွေကို အရေးယူအပြစ်ပေးရာမှာလည်း ဥပဒေ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက် ထုတ်ပယ်မှုများ ကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရ တဲ့အတွက်ကြောင့်မို့လို့ နစ်နာမှုများရှိနေပါ၍ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း အဆို ဖြစ်ပါတယ်။

တတိယအနေနဲ့ကတော့ ယနေ့ နိုင်ငံတော်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်နေချိန်မှာ တရားစီရင်ရေးကဏ္ဍအနေနဲ့ တရားမျှတ မှန်ကန်သည့် တရားစီရင်ရေး ဖြစ်ပေါ်လာစေရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

နောက် စတုတ္ထအချက်အနေနဲ့ကတော့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် ပေးပို့တဲ့အမှုတွဲများကို အချိန်နဲ့ တစ်ပြေးညီ စိစစ်ပြန်ကြားပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ သတ္တမပုံမှန်အစည်းအဝေးမှာလည်း ကျွန်တော်တို့ အများသိကြတဲ့အတိုင်းပါပဲ။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစု ရွာနေဒေါ်မစန်း ရဲ့ အမှုကိစ္စကို ကွင်းဆင်းစစ်ဆေး အစီရင်ခံစာအပေါ်မှာ ကော်မတီရဲ့ အကြံပြုတင်ပြချက်များအပေါ် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ အကြံပြုချက် (၉)ချက်ရှိပါတယ်။ ဒါကိုတော့ ကျွန်တော်ဖတ်ကြားခြင်း မပြုတော့ပါဘူး။ အစီရင်ခံစာမှာ ပါရှိပြီးဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကတော့ သတင်းစာရှင်းလင်းပွဲကျင်းပခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီက တိုင်ကြားစာကိစ္စများနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကျယ်ပြန့်စွာ သိရှိနိုင်စေရေးအတွက် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ၂၁-၂-၂၀၁၃ ရက်နေ့ (၁၄း၀၀)နာရီအချိန်မှာ အမျိုးသားလွှတ်တော် ရေးရာ(၊-၁၈)မှာ ကျွန်တော်တို့ သတင်းမီဒီယာ(၅၁)ဦးနဲ့ တွေ့ဆုံပြီးတော့ မီဒီယာများ သိရှိလိုတဲ့အချက်များကိုလည်း ကျွန်တော်တို့ ဖြေကြားပေးတဲ့လုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ကော်မတီအနေနဲ့ ကြယ်ပွင့်မပြတဲ့မေးခွန်း၊ ကျွန်တော်တို့ ဒါ ကော်မတီအနေနဲ့ မေးမြန်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာ ကျွန်တော်တို့ ဒါ မေးမြန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီ မေးခွန်းကတော့ နေပြည်တော် ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ သဇင်(၁)လမ်း၊ မြေကွက်အမှတ်(၃၈/၄၀)တွင် နေထိုင်သူ ဒေါ်နှင်းကြည် ရဲ့ တိုင်ကြားစာအပေါ်မှာ နေပြည်တော် တည်ဆောက်ရေးအတွက် မြေသိမ်းခံရ၍ အစားပေးသောမြေကို ထပ်မံသိမ်းဆည်းခြင်းသည် မှန်ကန်မှုရှိ/မရှိ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီက မည်သည့်အတွက်ကြောင့် နေအိမ်ကိုဖျက်သိမ်းခိုင်းသည်၊ နေအိမ်ကိုမဖျက်သိမ်း၍ တရားစွဲခြင်းဆိုသည်မှာ ဟုတ်မှန်ပါသလား၊ တိုင်ကြားသူနှင့် နေပြည်တော်ကောင်စီတို့မှ အငြင်းပွားနေသော မူလခြံအကျယ်အပေါ် မြေကွက်ချထားပေးမှုကို ကွင်းဆင်းဆောင်ရွက် ပြန်လည်စိစစ်ခြင်းပြု/မပြုဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့တာကို နေပြည်တော်စည်ပင်သာယာကနေပြီးတော့ ကျွန်တော်တို့ ပြန်ကြားလာပါတယ်။

အနှစ်ချုပ်ကတော့ ဘာလည်းဆိုရင် ဒီ တင်ပြတဲ့ ဒေါ်နှင်းကြည် ဟာ သူ့ကိုပေးထားတဲ့ မြေကွက်(၂)ကွက်အနက်မှာ မြေကွက်အမှတ်(၃၈)ကို ခွင့်ပြုထားပြီး ဖြစ်ပါတယ်ဆိုတဲ့ အကြောင်း ဖြစ်ပါတယ်။ တင်ပြသူ ဒေါ်နှင်းကြည် ဟာ (၃၈)နဲ့ ကပ်နေတဲ့နေရာကို ခွင့်ပြုပေးထားခြင်းမရှိတဲ့ မြေကွက်အမှတ်(၄၀)ပေါ်တွင် နေအိမ်ကို ကျူးကျော်ဆောက်လုပ်ထားတဲ့ အတွက်ကြောင့်မို့လို့ ဒီနေအိမ်ကို ဖျက်သိမ်းပေးရန် အသိပေးအကြောင်းကြားခဲ့သော်လည်းပဲ တင်ပြသူမှာ လိုက်နာခြင်းမရှိတဲ့အတွက် နေပြည်တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၂၆ အရ ၄-၁၂-၂၀၁၂ ရက်နေ့တွင် တရားစွဲဆိုခဲ့ပါတယ် ဆိုပြီးတော့ ကျွန်တော်တို့ ပြောပါတယ်။ မူလတင်ပြတဲ့ မူလသစ်တောကျူးခြံမြေ အပေါ်မှာ ကျွန်တော်တို့ မြေချထားပေးတဲ့နေရာမှာ တစ်ဧကပြည့်မှသာလျှင် ကျွန်တော်တို့ မြေ(၂)ကွက် ပေးပါတယ်။

ဒါကြောင့်မို့လို့ သူရဲ့ စိစစ်တိုင်းတာချက်အရ ကျွန်တော်တို့ ဒါ (၁)ဧကအောက်မှာသာ ရှိတဲ့ အတွက်ကြောင့်မို့လို့ မြေအပိုတစ်ကွက် မရနိုင်ပါဘူးဆိုပြီးတော့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ဆုံးဖြတ်ခဲ့တယ်။ ဒါကြောင့်မို့လို့ တင်ပြသူရဲ့ မူလနေခဲ့တဲ့ မူလခြံမြေဟာလည်း ဒီ အချိန်မှာ တော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြန်လည်တိုင်းတာခြင်း မပြုလုပ်နိုင်တော့ပါဘူး ဆိုပြီးတော့ ဒါကို ပြန်လည်ပြီးတော့ ဖြေကြားလာပါတယ်။ ဒါကိုလည်း လွှတ်တော် ကိုယ်စားလှယ်များ အားလုံးသိရှိရန် တင်ပြလာခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ကော်မတီကနေပြီးတော့ ကြယ်ပွင့်ပြတဲ့ မေးခွန်း(၃)ခု ကျွန်တော်တို့ မေးမြန်းခဲ့ပါတယ်။ ပထမဆုံးမေးခွန်းကတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်က ချီးမြှင့်တဲ့ နိုင်ငံ့ဂုဏ်ရည် ချီးမြှင့်လစာငွေကို တိုးမြှင့်ခံစားခွင့်ပြုပါရန် ဗိုလ်မှူးချစ်မောင်(ငြိမ်း) ကြည်း-၃၅၅၆၊ လွတ်လပ်ရေး မော်ကွန်းဝင်ပထမအဆင့်နဲ့ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့် ရရှိသူက ကျွန်တော်တို့ တင်ပြလာတဲ့အတွက် ဒါလေး အပေါ်မှာ ကျွန်တော်တို့ ချီးမြှင့်ငွေကို တိုးမြှင့်ခံစားခွင့်ပြုပါရန် ကျွန်တော်တို့ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ကျွန်တော်တို့ မေးခဲ့ပါတယ်။ မေးခဲ့ပြီးတဲ့နောက်ကို ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က နေပြီးတော့ ပြန်လည်ပြီးတော့ အနှစ်ချုပ် ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ လောလောဆယ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ သုံးသပ်ခွင့်ပြုပေးမှ သာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်၍ လောလောဆယ် အခြေအနေမှာတော့ ဆောင်ရွက်နိုင်ခြင်း မရှိသေး ပါကြောင်း ဖြေကြားခဲ့ပါတယ်။

ဒီ ဖြေကြားချက်ကို ကျွန်တော်တို့ရဲ့ တိုင်ကြား စာဆိုင်ရာကော်မတီ ဥက္ကဋ္ဌကနေပြီးတော့ ပြန်လည်ပြီးတော့ တင်ပြတဲ့နေရာမှာ ဒီ ချီးမြှင့်ငွေများနဲ့ ပတ်သက်ပြီးတော့ လက်ရှိအခြေအနေမှာတော့ ကျပ်(၃၀၀)၊ (၆၀၀)ဆိုတာက ဘာမှသုံးစွဲလို့မရတဲ့ အခြေအနေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လွတ်လပ်ရေး အတွက် အသက်ပေးပြီးတော့ တိုက်ပွဲဝင်ခဲ့တဲ့သူတွေ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်လစာတွေကို တိုးမြှင့်ပေးသလိုပဲ ဒီလိုပုဂ္ဂိုလ်တွေကိုလည်း ဦးစားပေးဆောင်ရွက်သင့်တယ်လို့ ထပ်မံမေးမြန်းခဲ့ပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကနေပြီးတော့ မိန့်ကြားရာမှာလည်း လောလော ဆယ်ဆောင်ရွက်ရန် မရှိဘူးဆိုတာ လူကြား၍ မကောင်းဘူး။ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် လူကြား ကောင်းနိုင်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတထံတင်ပြ ပြီးလား၊ တင်ပြပြီး ဆောင်ရွက်သင့်ကြောင်းကို မိန့်ကြားခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ တင်ပြတဲ့ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က ၁၄-၁၀-၂၀၁၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတက နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်လာချိန်မှာ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း လမ်းညွှန်ခဲ့ကြောင်း ထပ်မံဖြေကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်ထားမည် ဖြစ်ကြောင်း။ ကျွန်တော်တို့ ဒါ ကော်မတီက သိရှိခဲ့ပါတယ်။

ဒုတိယမေးခွန်းကတော့ အများသိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ဒီနဝမပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့မှာ ၂၃-၁-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ အားလုံးသိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ရှိတဲ့ စူပါမားကက်မှာ ကျွန်တော်တို့ စိတ်ကြွဆေးများမိတာနဲ့ ပတ်သက်ပြီးတော့ အရောင်းစာရေး ဝန်ထမ်း(၂)ဦးကို ဖမ်းဆီးအရေးယူတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဒါမေးမြန်းခြင်းဖြစ်ပါတယ်။

ဒါကိုလည်း ပြည်ထောင်စုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ကနေပြီးတော့ ပြန်လည်ပြီးတော့ ဖြေကြားပါတယ်။ အနှစ်ချုပ်ကတော့ ကျွန်တော်တို့ အဝယ်တော်များမှာပဲ တာဝန်ရှိတယ်ဆိုပြီးတော့ ဒါကို အဝယ်တော်တွေကို ဖမ်းဆီးပြီးတော့ ကျွန်တော်တို့ဒါ အရေးယူဆောင်ရွက်ထားတယ်ဆိုတဲ့ အခြေအနေလေး ကျွန်တော်တို့ ဖြစ်ပါတယ်။

နောက် မေးခွန်းတစ်ခုကတော့ အမျိုးသားလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး ဆဌမမြောက်နေ့၊ ၂၄-၁-၂၀၁၄ ရက်နေ့မှာ ကျွန်တော်တို့ဒါ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ ဒေါ်ညိမ်းကျေးရွာ မှ ဒေါ်မြင့်လွင် ရဲ့ ရေလုပ်သားများဟာ ခိုင်လုံသော အကြောင်းပြချက်တွေ မရှိဘဲနဲ့ မကြာခဏ သေဆုံးပျောက်ဆုံးမှုများ ရှိနေတဲ့အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူပေးနိုင်ပါရန် အကူအညီ တောင်းခံခြင်းကို ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းခဲ့တဲ့နေရာမှာ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ကနေပြီးတော့ ကျွန်တော်တို့ ဒါပြန်လည် ဖြေကြားခဲ့ပါတယ်။ သူ့ရဲ့အနှစ်ချုပ်ကတော့ ကျွန်တော်တို့ ဒီ ရေလုပ်သားများအတွက် ကျွန်တော်တို့ လျော်ကြေးငွေကို ပေးတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ ထူးခြားချက် အနေနဲ့ကတော့ ကျွန်တော်တို့ဒီ ဒုက္ခရောက်နေသော ဒီတိုင်ကြားတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော်တို့ ဝန်ထမ်းများကနေပြီးတော့ ဆက်ဆံရေးမှာ ကျွန်တော်တို့ ပြေလည်အောင်ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် တိုင်ကြားစာမှာ ပါဝင်တဲ့ ရဲဝန်ထမ်း (၂)ဦးကို တိုင်ကြားခဲ့သူ အထင်အမြင် လွဲမှားစေလောက်တဲ့ ပြုမူဆက်ဆံမှုများရှိခဲ့တဲ့အတွက် ထိုက်သင့်သော အရေးယူမှုများ ပြုခဲ့တဲ့အကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးမှ ဦးစီးအရာရှိ ကလည်း တာဝန်မဲ့စွာပြောဆိုမှုနဲ့ အလုပ်သမားပြဿနာကို ဖြေရှင်းချက်အားနည်းနေခြင်းကြောင့် တိုင်းပြောင်းပြစ်ဒဏ်များ ချမှတ်ခဲ့တယ်ဆိုတဲ့ အချက်ကလေးကဖြင့် ကျွန်တော်တို့ ဒါ ထူးခြားတဲ့အချက်ကလေးများ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒါ မေးခွန်းများအပြင်ကို ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်ချက်(၄)ခု ရှိပါတယ်။

ကွင်းဆင်းဆောင်ရွက်ချက်။

၅။ ကော်မတီအနေနဲ့ ကျွန်တော်တို့က သက်ဆိုင်ရာဒေသ၊ နယ်ပယ်ကို သွားရောက်ပြီးတော့ အောက်ခြေဒေသကို ကွင်းဆင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

ပထမဆောင်ရွက်ချက်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဇချမ်းတောင်ကျေးရွာအုပ်စု၊ ပန်းတောကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးကို တိုင်ကြားတဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့ တိုင်ကြားစာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း ခေါင်းဆောင်တဲ့အဖွဲ့က သွားရောက်ပြီးတော့၊ စစ်ဆေးပြီးတော့ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်များကို ပြန်လည်တင်ပြနိုင်ပြီး ဖြစ်ပါတယ်။

နောက်ဒုတိယအနေနဲ့ကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ ဒေါ်မစန်း ရဲ့ ငွေကြေးပေးလျော် အိမ်ခြံမြေသိမ်းစေခဲ့သည့် တရားစီရင်မှုများကိစ္စကို ကျွန်တော်တို့ ဒါ ၂၈-၃-၂၀၁၃ ရက်နေ့ကနေပြီးတော့ ၃-၄-၂၀၁၃ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးပြီးတော့ တွေ့ရှိချက်အစီရင်ခံစာကို ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၀-၇-၂၀၁၃ ရက်နေ့မှာ အစီရင်ခံစာကို လွှတ်တော်ကို တင်ပြနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တတိယအနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်မှာ သမိုင်းဝင်ကျောက်တိုင်ဖော်ဆောင်ရေးကော်မတီ ဥက္ကဋ္ဌရဲ့ ၂၈-၉-၂၀၁၃ ရက်စွဲပါ တင်ပြချက်ကို ကွင်းဆင်း စိစစ်ပေးရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော်တို့အဖွဲ့ သွားရောက် ပြီးတော့၊ စစ်ဆေးပြီးတော့ ၂၃-၁၀-၂၀၁၃ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးပြီးတော့ တွေ့ရှိချက် အစီရင်ခံစာကိုလည်း ပြန်လည်တင်ပြပြီး ဖြစ်ပါတယ်။ ကာယကံရှင်ထံသို့လည်း ကော်မတီရဲ့ စိစစ် တွေ့ရှိချက်များကိုလည်း ပြန်ကြားပြီး ဖြစ်ပါတယ်။

နောက်စတုတ္ထအနေနဲ့ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကံသာကျေးရွာအုပ်စု၊ ဆွဲမှန်ကျေးရွာ၊ မင်းရာမဈေးတန်းမှာ နေထိုင်ကြတဲ့ ဈေးဆိုင်နှင့် လူနေအိမ်တွေကို ကျူးကျော်တယ်ဆိုပြီးတော့ ကျွန်တော်တို့ ဖျက်သိမ်းခိုင်းတဲ့ ကိစ္စတွေကို သက်ညှာစွာ စဉ်းစားပေးပါရန် တင်ပြချက်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကွင်းဆင်းစစ်ဆေးရန် တာဝန်ပေးချက်အရ ၃၁-၁၀-၂၀၁၃ ရက်နေ့မှာ ကွင်းဆင်းစိစစ်ပြီးတော့ အစီရင်ခံစာကိုလည်း ပြန်လည်တင်ပြခဲ့ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကလည်း ၇-၁၁-၂၀၁၃ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ပြီး ဖြစ်ပါတယ်။

ပြည်သူလူထုနှင့်တွေ့ဆုံရှင်းလင်းခြင်း။

၆။ နောက်လုပ်ငန်း တစ်ခုအနေနဲ့ ပြည်သူလူထုနဲ့ တွေ့ဆုံရှင်းလင်းပွဲများကို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးတဲ့ အတောအတွင်းမှာလည်းပဲ လေးမျက်နှာမြို့နယ်မှာ ၃၁-၃-၂၀၁၃ ရက်နေ့မှာလည်းကောင်း၊ ဟင်္သာတမြို့နယ်မှာ ၁-၄-၂၀၁၃ ရက်နေ့ တွင်လည်းကောင်း၊ ပုသိမ်မြို့နယ်မှာ ၂-၄-၂၀၁၃ ရက်နေ့မှာလည်းကောင်း ပြည်သူလူထုနှင့် တွေ့ဆုံ ပြီးတော့ ကော်မတီရဲ့ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် လွှတ်တော်ကိုတင်သွင်းခဲ့တဲ့ အဆိုများနှင့် စပ်လျဉ်း ပြီးတော့၊ ရှင်းလင်းဆွေးနွေးပြီးတော့ ပြည်သူများရဲ့တင်ပြချက်များကို ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ ပါကြောင်းတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနေပြီးတော့ နိုင်ငံတော်သမ္မတထံကို သဝဏ်လွှာပေးပို့တဲ့ အခြေအနေလေးကိုလည်း ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း မြို့နယ်၊ လွယ်မောက်တောင်ဘုရားပွဲ လူသတ်မှုမှာ တရားခံအစစ်အမှန်ကို ရှာဖွေနိုင်သော်လည်းပဲ လူသတ်မှုမကျူးလွန်ဘဲနဲ့ ပြစ်ဒဏ်ကျခံနေရသော မောင်ဝင်းအောင် ကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိရေး ကို ပြန်လည်စိစစ်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ၁၂-၉-၂၀၁၁ ရက်စွဲနဲ့ တင်ပြလာပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ကျွန်တော်တို့ စိစစ်လေ့လာပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို အမှုတွဲများပေးပို့ခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း တရားခံများအနေနဲ့ ၎င်းအပေါ် ချမှတ်ခဲ့တဲ့ ပြစ်ဒဏ်နှင့်စပ်လျဉ်းပြီးတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ အရ ဆိုင်းငံ့ထား၍ သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် နိုင်ငံတော်သမ္မတထံ လျှောက်ထားတင်ပြရန် အခွင့်အရေး

ရှိပါကြောင်း ကျွန်တော်တို့ ကော်မတီကို ပြန်ကြားလာပါတယ်။ လွှတ်တော်ရုံး အနေနဲ့ ၁၆-၅-၂၀၁၃ ရက်စွဲပါစာအမှတ်နဲ့ပဲ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို လိပ်မူပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကို မိတ္တူ ပေးပို့ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ၄-၆-၂၀၁၂ ရက်စွဲနဲ့ စာပြန်ကြားလာမှုအပေါ် မှာ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကနေပြီးတော့ လေ့လာစိစစ်ပြီးတော့ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌထံ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။

ထိုကိစ္စနှင့်ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၈-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀၀/ အမလ /၁-၇(သဝဏ်လွှာ)/၂၀၁၃(၂၄၃)ဖြင့် နိုင်ငံတော်သမ္မတထံသို့ အပြစ်ရှိသူထောင်သောင်း လွတ်မြောက် သွားပါစေ၊ အပြစ်မဲ့သူကို ပြစ်ဒဏ်မချမိဖို့လိုအပ်ပါသဖြင့် လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာကို ပေးပို့ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါပထမပိုင်း အစီရင်ခံစာ တင်သွင်းမှုကို ဒီမှာ ရပ်ဆိုင်းပြီးတော့ ဒုတိယပိုင်းအစီရင်ခံစာကို ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း မှ ဆက်လက်ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၅။**

**ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တိုင်ကြားစာနှင့် အသနားခံစာများ လက်ခံရရှိမှု၊ ဖြေရှင်းဆောင်ရွက်နိုင်မှု အခြေအနေကို တင်ပြမှာ ဖြစ်ပါတယ်။

တိုင်ကြားစာနှင့်အသနားခံစာများ လက်ခံရရှိမှု၊ ဖြေရှင်းဆောင်ရွက်နိုင်မှု အခြေအနေ

၈။ ပြည်သူတို့၏တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ စတင်ဖွဲ့စည်းခဲ့တဲ့ ၉-၈-၂၀၁၁ ရက်နေ့မှစပြီးတော့ ၃၁-၁၂-၂၀၁၃ရက်နေ့အထိ ကော်မတီအနေဖြင့် ပြည်သူတို့ထံမှ တိုင်ကြားစာ လက်ခံရရှိမှုနှင့် ဖြေရှင်းဆောင်ရွက်မှု အခြေအနေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) လက်ခံရှိမှု အခြေအနေနဲ့ ၂၀၁၁ ခုနှစ်မှာ (၆၁၁)စောင်၊ ၂၀၁၂ ခုနှစ်မှာ (၄၃၄၆)စောင်၊ ၂၀၁၃ ခုနှစ်မှာ (၆၄၀၅)စောင် ၃၁-၁၂-၂၀၁၃ ရက်နေ့ အထိ စုစုပေါင်း (၁၁၃၆၂) စောင် လက်ခံရရှိခဲ့ပါတယ်။ စုစုပေါင်း လက်ခံရရှိတဲ့ (၁၁၃၆၂)စောင် ရရှိတဲ့အထဲမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားတဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို အစောင်(၁၇၀၀)စောင် ကျွန်တော်တို့ လွှဲပြောင်းပေးခဲ့ပါတယ်။ မိမိတို့ကော်မတီသို့ မိတ္တူပေးပို့တာကတော့ (၄၆၃၀)စောင် ရှိခဲ့ပါတယ်။

( ခ) ၉-၈-၂၀၁၁ မှ ၃၁-၁၂-၂၀၁၃ အထိ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို တင်ပြရမယ်ဆိုရင် ကော်မတီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့တဲ့ အမှုတွဲပေါင်း (၁၁၃၅)တွဲ ရှိပါတယ်။ ပြန်ကြားလာတဲ့အမှုတွဲက (၄၀၅)တွဲ ပြန်ကြားလာပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပြန်ကြားရန် ကျန်အမှုတွဲက (၇၃၀)တွဲ ကျန်ရှိနေပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတော့ (၁၃၄)တွဲ ပေးပို့ခဲ့ပြီးတော့ ပြန်ကြားတဲ့ အမှုတွဲပေါင်းက (၁၀၇)တွဲ ရှိပါတယ်။ ပြန်ကြားရန်ကျန် ကျွန်တော်တို့ (၂၇)တွဲ ပြန်ကြားရန် ကျန်ရှိကြောင်း သိရှိရပါတယ်။

( ဂ) ၂၀၁၁ ခုနှစ်အတွင်း နှစ်အလိုက် တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့တဲ့အမှုတွဲ (၁၄၃)တွဲမှာ ပြန်ကြားတဲ့အမှုတွဲ(၈၅)တွဲ၊ ပြန်ကြားရန်ကျန် (၅၈)တွဲ စိစစ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတော့ (၆)တွဲ ပေးပို့ခဲ့တဲ့အခါမှာ (၆)တွဲလုံး ပြန်ကြားလာတာ တွေ့ရပါတယ်။

(ဃ) ၂၀၁၂ ခုနှစ်အတွင်းမှာတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့တဲ့ အမှုတွဲပေါင်း(၄၅၇)တွဲ ရှိပြီးတော့မှ ပြန်ကြားတဲ့အမှုတွဲက (၁၉၇)တွဲ ပြန်ကြားပါတယ်။ ပြန်ကြားရန်ကျန် (၂၆၀)တွဲ ကျန်ရှိတာကို တွေ့ရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတော့ (၃၆)တွဲ ပေးပို့တဲ့ အခါမှာ (၃၆)တွဲလုံး ပြန်ကြားလာတာကို တွေ့ရပါတယ်။

( င) ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်မှုအခြေအနေကို တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့တဲ့အမှုတွဲပေါင်း(၅၃၅)တွဲ ရှိတဲ့အခါမှာ ပြန်ကြားတဲ့ အမှုတွဲပေါင်း(၁၂၃)တွဲသာ ပြန်ကြားလာပြီးတော့ ပြန်ကြားရန်ကျန် အမှုတွဲပေါင်း (၄၁၂)တွဲ ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတော့ (၉၂)တွဲ ပေးပို့ပြီးတော့မှ ပြန်ကြားတဲ့အမှုတွဲ (၆၅)တွဲရှိတဲ့အတွက် ပြန်ကြားရန်ကျန် အမှုတွဲ(၂၇)တွဲ ကျန်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

၉။ ပြည်သူတို့၏တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီကို ၉-၈-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များထံ ၁၂-၉-၂၀၁၁ ရက်နေ့ကစပြီးတော့ အမှုတွဲများကို ပေးပို့ဖြေရှင်း ဆောင်ရွက်စေခဲ့ပါတယ်။ သို့ရာတွင် ၂၇-၁၀-၂၀၁၁ ရက်နေ့မှစပြီးတော့ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ တိုက်ရိုက်မပေးပို့တော့ဘဲနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုသာ ပေးပို့ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို တင်ပြရပါက

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို စုစုပေါင်း ပေးပို့တာ ဝန်ကြီးဌာန(၁၅)ခုမှာ ကျွန်တော်တို့ (၂၃)စောင်ပေးပို့ခဲ့ပြီးတော့ (၉)စောင်သာ ပြန်ကြားချက်ရပြီးတော့ (၁၄)စောင်ဟာ ပြန်ကြားချက် မရရှိခဲ့ပါဘူး။ လုံးဝပြန်ကြားခြင်းမရှိတဲ့ ဝန်ကြီးဌာနများကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊

အလုပ်သမားဝန်ကြီးဌာန၊ ဥက္ကဋ္ဌ နိုင်ငံပိုင်အဆောက်အဦများ ရောင်းချရေးကော်မရှင်၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ဟာ လုံးဝပြန်ကြားခြင်းမရှိတာကို စိစစ်တွေ့ရှိရပါတယ်။

( ခ) တစ်ခါ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကိုတော့ စုစုပေါင်း တိုင်းဒေသကြီး/ ပြည်နယ်(၉)ခုကို ပို့တဲ့အခါမှာ ပေးပို့တဲ့အမှုတွဲပေါင်း (၂၄)တွဲမှာ (၉)တွဲသာ ပြန်ကြား လာပါတယ်။ ပြန်ကြားရန်ကျန် (၁၅)တွဲ ကျန်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ လုံးဝ ပြန်ကြားခြင်းမရှိတာကတော့ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တွေဆီက လုံးဝပြန်ကြားခြင်း မရှိတာကို စိစစ်တွေ့ရှိရပါတယ်။

၁၀။ ကော်မတီက ၂၅-၁၀-၂၀၁၁ ရက်စွဲ၊ အမှုတွဲအမှတ်(၂၀၁၁-၇၁) ဖြင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူ ၏ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာအုပ်စုမှ လယ်မြေများသိမ်းယူထားခြင်းကိစ္စကို ကာကွယ်ရေး ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများထံ အမှုတွဲကို ပေးပို့ခဲ့ပါတယ်။ ထပ်မံပြီးတော့လည်း ဦးမောင်စောဖြူကပဲ ယင်းကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်မှာ မေးခွန်းမေးမြန်းခဲ့တဲ့အတွက် ကော်မတီက ၁၄-၁၁-၂၀၁၁ ရက်စွဲနဲ့ အမှုတွဲအမှတ်(၂၀၁၁-၁၀၆)ကို ပေးပို့ ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ၁၂-၁-၂၀၁၄ ဖြင့် ပြန်ကြားလာပါတယ်။ ပေးပို့သည့် ရက်နှင့် ပြန်ကြား တဲ့ရက်မှာ (၂)နှစ်ကျော်ကြာမှ ပြန်ကြားလာတာကို စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် လွှတ်တော်က ဖြေရှင်းဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တိုင်ကြားစာများ လွှဲပြောင်းပေးပို့ခြင်းအပေါ် အလေးအနက် ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

၁၁။ ကော်မတီအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ပြည်သူတို့၏တိုင်ကြားစာများကို တိုင်ကြားသူများ မနစ် နာစေရေး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ထံသို့ လိပ်မူပေးပို့ခဲ့တဲ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များသို့ လိပ်မူပေးပို့ခဲ့ပါတယ်။ ယခုလို ပေးပို့ရခြင်းဟာ ကာယကံရှင်များမှ တင်ပြတိုင်ကြားလာတဲ့ အဖြစ်အပျက် များကို အသေးစိတ် လေ့လာစုံစမ်းနိုင်ရန်အတွက် ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ ကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံ လိပ်မူပေးပို့ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း၍ အဖြစ်မှန်ကို တင်ပြ စေခြင်းများဖြင့် ဤကော်မတီသို့ ပြန်ကြားလာသည်ကို တွေ့ရှိရပါတယ်။

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များသို့ ဤကော်မတီက ၂၀၁၃ ခုနှစ်တွင် ပေးပို့ခဲ့တဲ့ အမှုတွဲများနှင့် ပြန်ကြားလာသည့် အမှုတွဲများကို တိုင်းဒေသကြီး/ပြည်နယ် အလိုက်စာရင်းအား နောက်ဆက်တွဲ(က)ဖြင့် တင်ပြထား ပါတယ်။ အသေးစိတ်စာရင်းများအရ ဤကော်မတီက ပေးပို့တဲ့ အမှုတွဲများနှင့် ပြန်ကြားချက်များကို စိစစ်ရာမှာ စာရင်းချုပ်အရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့တဲ့အမှုတွဲပေါင်း(၅၃၅)တွဲ၊ ပြန်ကြားတဲ့ အမှုတွဲ(၁၂၃)တွဲ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့တဲ့အမှုတွဲ(၉၂)တွဲ၊ ပြန်ကြားတဲ့အမှုတွဲ (၆၅)တွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ပြန်ကြားချက်(၁၇၀)တွဲရရှိခဲ့ပါတယ်။

၁၃။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဟာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များထံ လိပ်မူပေးပို့သည့်အခါ တင်ပြတိုင်ကြားအသနားခံသူများထံ အကြောင်းကြားစာကို မိတ္တူပေးပို့ခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့မှ ကော်မတီသို့ အကြောင်းပြန်ကြားချက်များကိုလည်း ကော်မတီကပြန်ကြားစာကို ကောက်နုတ်၍ ကာယကံရှင်များထံ ပြန်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များကလည်း ကာယကံရှင်ထံ အသိပေးဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ ကာယကံရှင်များထံမှလည်း ကော်မတီသို့ ကျေးဇူးတင်ကြောင်း တင်ပြလာပါတယ်။ သို့ရာတွင် ကော်မတီအနေဖြင့် တင်ပြလာတဲ့စာများကို စိစစ်ခြင်း၊ သုံးသပ်အကြံပြုခြင်း၊ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့ထံ ပေးပို့ရေးအတွက် စိစစ်ဆောင်ရွက်ရာတွင် အချိန်ယူရခြင်း၊ တစ်ဖက်က ပြန်ကြားလာမှုကိုပြန်လည်ဆောင်ရွက်ရခြင်းများကြောင့် အချိန်ကြာမှ ပြီးစီးရပါတယ်။ အချိန်ယူဆောင်ရွက်ရပါတယ်။ ယခုကဲ့သို့ ဖြစ်နေခြင်းကြောင့် ကော်မတီသည် ၂၀၁၃ ခုနှစ်၊ မေလ(၂၀)ရက်နေ့မှစ၍ အစုအဖွဲ့များဖြစ်သည့် တရားရေးကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စ၊ နိုင်ငံတော်နှင့် ပြည်သူကိစ္စဆိုပြီးတော့ ကော်မတီအဖွဲ့ဝင်များနှင့် ဖွဲ့စည်းပြီးတော့ ချက်ချင်းဆောင်ရွက်ရန်၊ အမြန်ဆောင်ရွက်ရန်၊ ပုံမှန်ဆောင်ရွက်ရန် ဆိုပြီးတော့ ဦးစားပေးအစီအစဉ်အရ စီမံဆောင်ရွက်လျက် ရှိနေပါသဖြင့် ယခင်ကထက်စာလျှင် လုပ်ငန်းများ မြန်ဆန်သွက်လက်လာသည်ကို စိစစ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

၁၄။ ၂၁-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်စတင်သည့်ကာလမှ ယနေ့အထိ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များဖြစ်ပေါ်နေသည့်ကိစ္စ၊ ပြည်သူတို့၏ တိုင်ကြားစာကိစ္စများ၊ နိုင်ငံသားများ၏အခွင့်အရေးဆိုင်ရာကိစ္စ၊ မူလအခွင့်အရေးနှင့် ဒီမိုကရေစီဆိုင်ရာကိစ္စ၊ တောင်သူလယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ စသည်ဖြင့် နစ်နာချက်များ တိုင်ကြားသည့် ကိစ္စအားလုံးကို လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးစီး၍ လွှတ်တော်အခွင့်အရေး ကော်မတီက အဓိကတာဝန်ယူပြီး ချက်ချင်းဆောင်ရွက်သင့်သည့်ကိစ္စ၊ အလျင်အမြန်ဆောင်ရွက်သင့်သည့်ကိစ္စ၊ ဦးစားပေးဆောင်ရွက်သင့်သည့် ကိစ္စများတွင် မည်သည့်ဦးစားပေး အစီအစဉ်ဖြစ်သည်ကိုလည်းကောင်း၊ အချိန်ကာလအားဖြင့် (၁)နှစ်မြောက် စသည်ဖြင့်ခွဲခြားသတ်မှတ် စိစစ်ပြီး လွှတ်တော်အခွင့်အရေး ကော်မတီက အစိုးရအဖွဲ့ရုံးသို့ နှိုးဆော်စာထုတ်ပြန်ရန်နှင့် နှိုးဆော်စာထုတ်ပြီး(၃)လကြာ၍ တုံ့ပြန်ချက် တစ်စုံတစ်ရာမရပါက လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ရန် အဆိုကို လွှတ်တော်တွင် တင်သွင်း ဆုံးဖြတ်ဆောင်ရွက်သွားမည့်ကိစ္စကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အတိုင်း လွှတ်တော်၏ လုပ်ထုံးလုပ်နည်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်အတိုင်း သက်ဆိုင်ရာသို့ ကော်မတီအနေဖြင့် ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်ပြီး ပြည်ပနိုင်ငံအခြေစိုက် အဖွဲ့အစည်းများက ကော်မတီသို့ ပေးပို့လာသည့် အမှုတွဲများနှင့် ပတ်သက်၍ တင်ပြရပါလျှင် ပြည်ပနိုင်ငံအခြေစိုက် အဖွဲ့အစည်းများက အင်္ဂလိပ်ဘာသာဖြင့်

ပေးပို့လာသည့် အမှုတွဲများကို ကော်မတီအနေဖြင့် မြန်မာဘာသာ ပြန်ဆို၍ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပြည်ပနိုင်ငံများက ကော်မတီသို့ပေးပို့တင်ပြလာတဲ့ အမှုတွဲများအနက် ဆောင်ရွက်ပေးသင့်သည်များကို စိစစ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ရာတွင် ထပ်မံဖြည့်စွက်တင်ပြလိုတာကတော့ တိုင်ကြားသူများအနေနဲ့ မိမိတို့ကော်မတီနဲ့ မိမိတို့နိုင်ငံမှာရှိနေတဲ့ နိုင်ငံတော်အကြီးအကဲတွေထံကို မိမိတို့နိုင်ငံအတွင်းမှာပဲ တင်ပြတိုင်ကြား၊ အသနားခံနိုင်သော်လည်းပဲ အခြားပြည်ပနိုင်ငံ အဖွဲ့အစည်းများထံ ပေးပို့တင်ပြနေကြပြီးတော့မှ ၎င်းပြည်ပအဖွဲ့ အစည်းများမှ မိမိတို့ကော်မတီကို ပေးပို့နေတာလည်းတွေ့ရပါတယ်။

ဒါလည်း ကျွန်တော့်တို့နိုင်ငံအနေနဲ့ တိုင်ကြားသူအနေနဲ့ အသနားခံတဲ့လူအနေနဲ့ ဒါ မိမိတို့ကော်မတီ သို့မဟုတ် မိမိတို့နိုင်ငံ အကြီးအကဲများထံ တိုက်ရိုက် တင်ပြနိုင်ကြောင်း တင်ပြတိုင်ကြားနိုင်ကြောင်းကိုလည်း ဖြည့်စွက်တင်ပြနိုင်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်များက တိုင်ကြားခြင်းကိစ္စများ တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကိစ္စရပ်များမှာ ကိုယ်တိုင်ဝင်ရောက်စွက်ဖက်မှုများကြောင့် သက်ဆိုင်ရာများက တင်ပြလာသည့် ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါက ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းပေးပြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပါက ထိန်းညှိပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီအနေဖြင့် အရေးယူဆောင်ရွက်ခြင်းမပြုသည့် တိုင်ကြားစာ အမျိုးအစားများနဲ့ ပတ်သက်လို့ တင်ပြရရင်

၁၅။ ကော်မတီအနေဖြင့် အရေးယူဆောင်ရွက်ခြင်းမပြုသည့် တိုင်ကြားစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) နိုင်ငံတော်သမ္မတထံ လိပ်မူပေးပို့ပြီး ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ၊ ဥက္ကဋ္ဌ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ မိတ္တူပေးပို့ထားသည့် တိုင်ကြား/အသနားခံစာများ၊

(ခ) နိုင်ငံတော်သမ္မတနှင့် အခြားဝန်ကြီးဌာနများသို့ တစ်ပြိုင်တည်း လိပ်မူပေးပို့သောစာများ၊

(ဂ) တရားရုံးတွင် ရင်ဆိုင်နေဆဲ၊ အမှုမပြီးပြတ်သေးသော တိုင်စာ/အသနားခံစာများ၊

(ဃ) ကာယကံရှင်က ဥပဒေနှင့်အညီ ကိုယ်တိုင်တရားစွဲဆိုရမည့်၊ ကိုယ်တိုင်ဆောင်ရွက်ရမည့် တိုင်စာ/အသနားခံစာများ၊

(င) တိုင်စာ/အသနားခံစာတွင် တိကျခိုင်မာသော အချက်အလက်များမပါရှိခြင်း၊ မရေမရာရေးသားထားသည့် စာများ၊

(စ) မိမိတို့ စိတ်ထဲတွင် ထင်ရာမြင်ရာရေးသားထားသောစာများ၊ စိတ်မနှံ့သူကဲ့သို့ တောင်စဉ် ရေမရ ရေးသားထားသော စာများ၊

(ဆ) ပုဂ္ဂိုလ်ရေး တင်ပြစာများ၊

(ဇ) ပစ်စာများ (တိုင်ကြားသူလက်မှတ်မပါ၊ အမည်၊ မှတ်ပုံတင်၊ လိပ်စာမပါသော စာများ)

( ဈ) အကြံပြုစာများ (တိုင်ကြား / အသနားခံစာ မဟုတ်သည့် အကြံပြုစာများ )

(ည) လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုနှင့်ပတ်သက်သော တိုင်ကြား/ အသနားခံစာများကို ကော်မတီက ကိုင်တွယ်ခြင်း မပြုဘဲ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သို့ လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။

ကော်မတီ၏ စိစစ်တွေ့ရှိချက်

၁၆။ ကော်မတီ၏ စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီက စိစစ်တင်ပြခဲ့သော အဆို(၇)ရပ်အနက် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော်ကာ ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ၁၅-၁-၂၀၁၃ ရက်စွဲဖြင့် ပြန်ကြားလာပါသည်။ ဝန်ထမ်းများ နိုင်ငံတော်ကို စနစ်တကျ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးအတွက် နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ တာဝန်ယူလိုသည့်စိတ်၊ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းတကျ လိုက်နာရေးတို့အား ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး Good Governance and Clean Government ဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ စိစစ် အရေးယူခဲ့ရာ ၁-၄-၂၀၁၁ ရက်နေ့မှ ၃၁-၁၂-၂၀၁၂ ရက်နေ့အထိ စာဖြင့်သတိပေးခြင်း(၄၃၃၃)ဦး၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်း (၈၁၆)ဦး၊ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း(၁၈၅)ဦး၊ လစာနှုန်းအတွင်း လစာလျှော့ချခြင်း (၂၅၆၆)ဦး၊ ရာထူးအဆင့် လျှော့ချခြင်း(၉၈၉)ဦး၊ လစာမှပေးလျော်စေခြင်း (၈၀)ဦး၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း(၁၃၄)ဦး၊ ရာထူးမှ ထုတ်ပယ်ခြင်း(၁၇၃၈)ဦး၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(၄၉၇၃) ဦး စုစုပေါင်း (၁၅၇၂၃)ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ပြင်းထန်စွာရှုတ်ချ(၈၇)ဦး၊ အချုပ်တွင်ထောင်ဒဏ် (၃၈၀)ဦး၊ ရဲအမှုထမ်းသက်လျှော့(၆၈၉)ဦး၊ မယူမနေရအငြိမ်းစားပင်စင် (၂၀)ဦး၊ ပြောင်းရွှေ့ပြစ်ဒဏ် (၅၂)ဦး၊ ရဲဝန်ထမ်း စည်းကမ်းဖောက်ဖျက်သူ (၁)ဦး၊ ပေါင်း (၁၂၂၉)ဦး အပါအဝင် စုစုပေါင်း (၁၆၉၅၂)ဦး ရှိခဲ့ကြောင်းနှင့် မမှန်မကန် တိုင်ကြားသူများကိုလည်း စိစစ်ပြီး အရေးယူခဲ့ပါကြောင်း ပြန်ကြားလာခဲ့ပါတယ်။

( ခ) နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့် မရသဖြင့် နစ်နာမှုများရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအစိုးရအဖွဲ့က ၁၅-၁-၂၀၁၃ ရက်စွဲဖြင့် ပြန်ကြားလာပါတယ်။ ဝန်ထမ်းများ စနစ်တကျရှိစေရေးအတွက် စည်းကမ်း ဖောက်ဖျက်သူများကို

အရေးယူဆောင်ရွက်ရာတွင် ဝန်ထမ်းကျင့်ဝတ်အတိုင်း ရှေးဦးစွာ စုံစမ်းစစ်ဆေးခြင်း (PE)၊ ဌာနဆိုင်ရာ စစ်ဆေးခြင်း(DE)တို့ ပြုလုပ်စစ်ဆေး အရေးယူလျက်ရှိကြောင်း ပြန်ကြားလာပါတယ်။

( ဂ) ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာသို့ ၂၈-၃-၂၀၁၃ ရက်နေ့မှ ၃-၄-၂၀၁၃ ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးချက်အရ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ဒသမနေ့) ၁၀-၇-၂၀၁၃ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ဒေါ်မစန်း၏အမှုကို ကွင်းဆင်းစစ်ဆေးချက်တွင် ပါရှိသော အကြံပြုတင်ပြချက်များအပေါ် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို တင်ပြနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဒေါ်မစန်း၏ နစ်နာဆုံးရှုံးမှုများအနက်၊ လတ်တလော ဆောင်ရွက်ပေးသင့်သောအချက် (၅)ချက်အပေါ် ဆောင်ရွက်ပေးမည့် အခြေအနေကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးက ၂၄-၁၀-၂၀၁၃ ရက်စွဲဖြင့် ပြန်ကြားလာပါတယ်။ ပြန်ကြားချက် အသေးစိတ်ကိုလည်း ကျွန်တော်တို့ အစီရင်ခံစာမှာ ဖော်ပြပြီး ဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် ဖတ်ကြားတင်ပြခြင်း မပြုတော့ပါဘူး။

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လွယ်မောက်တောင်ဘုရားပွဲ လူသတ်မှုတွင် လူသတ်မှု မကျူးလွန်ဘဲ ပြစ်ဒဏ်ကျခံနေရသော မောင်ဝင်းအောင် အမှုတွဲနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ ၈-၇-၂၀၁၃ ရက်စွဲဖြင့် သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။ ပြစ်ဒဏ်ကျခံနေရသော မောင်ဝင်းအောင် သည် ၂-၁-၂၀၁၄ ရက်စွဲပါနိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ခွင့်ပြုခြင်း အမိန့်အရ လွတ်မြောက်သွားကြောင်း သိရှိရပါတယ်။

( င) ပြည်သူများက ဤကော်မတီသို့ ပေးပို့လာသည့် ၂၀၁၃ ခုနှစ်အတွင်း တိုင်ကြားစာ၊ အသနားခံစာပေါင်းမှာ ဝင်စာပေါင်း(၆၄၀၅)စောင် လက်ခံရရှိခဲ့ပြီး တစ်လလျှင် ပျမ်းမျှ (၅၃၃)စောင်၊ တစ်ရက်လျှင်(၁၇)စောင် ပျမ်းမျှလက်ခံရရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရောက်ရှိလာသောတိုင်ကြားစာများကို အဖွဲ့(၃)ဖွဲ့ကစိစစ်ခဲ့ရာ အမှုတွဲပေါင်း (၅၃၅)တွဲတွင် ဝန်ထမ်းရေးရာကိစ္စနှင့် သက်ဆိုင်သော အမှုတွဲ(၃၉) တွဲ၊ နိုင်ငံတော် အစိုးရနှင့်ပြည်သူပတ်သက်သော အမှုတွဲ (၄၉၆)တွဲဖြစ်ပြီး တရားရုံးဆိုင်ရာ အမှုတွဲ (၉၂)တွဲဖြစ်၍ နိုင်ငံတော်အစိုးရနှင့် ပြည်သူပတ်သက်မှုမှာ ရာခိုင်နှုန်းအများဆုံး ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

( စ) ၂၀၁၃ ခုနှစ်အတွင်း ကော်မတီက ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်နိုင်ရန် အမှုတွဲများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များထံ ပေးပို့ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က

(၂၂.၉%)၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က (၇၀.၆၅%)၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များက (၂၇.၁၁%) ပြန်ကြားလာသည်ကို စိစစ်တွေ့ရှိရပါတယ်။

(ဆ) ပြည်သူများ၏ခံစားချက်၊ နစ်နာချက်များကို ဖြစ်ရပ်မှန် စုံစမ်းစစ်ဆေး၍ အမှုမှန် ပေါ်ပေါက်လာမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့တို့က အမြန်ဖြေရှင်းပေးပါက ပြည်သူအားကိုးသော ပြည်သူ့အစိုးရ ဖြစ်ပေါ်လာမည်ဟု သုံးသပ်စိစစ် တွေ့ရှိရပါတယ်။

(ဇ) မဟုတ်မမှန် လိမ်လည် တင်ပြခြင်းဖြစ်ပါကလည်း ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်ခြင်းဖြင့် အမြင်မှန် ရရှိသွားစေမည်ဟု သုံးသပ်ရရှိပါတယ်။

ကော်မတီ၏ အကြံပြုတင်ပြချက် တင်ပြရမယ်ဆိုရင်

၁၇။ ကော်မတီ၏ အကြံပြုတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကော်မတီက ပေးပို့သောအမှုတွဲများကို တိကျမှန်ကန်စွာ၊ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုအားကိုးသော ကောင်းမွန်သည့် အုပ်ချုပ်မှုဖြစ်ပေါ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆိုပြု တိုက်တွန်းအပ်ပါတယ်။

(ခ) ဒီမိုကရေစီစနစ် ကူးပြောင်း အကောင်အထည်ဖော်နေသည့် အချိန်ကာလတွင် ဤကော်မတီသို့ တိုင်ကြားလာသော တိုင်ကြားစာများအရ လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များ တိုင်ကြားထားသည်ကို တွေ့ရှိရသည့်အတွက် လာဘ်ပေးလာဘ်ယူမှု ပျောက်ပျက်သွားအောင် စီမံဆောင်ရွက်နိုင်မှသာလျှင် သန့်ရှင်းသောအစိုးရဖြစ်ပေါ်မည်ဖြစ်ပါ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါရန် အဆိုပြုတိုက်တွန်းအပ်ပါတယ်။ အထူးသဖြင့် တရားစီရင်ရေးအပိုင်းမှာ ဤကော်မတီမှ ညှိနှိုင်းဆောင်ရွက်ချက်များအပေါ် ထိရောက်လျင်မြန်စွာ တုံ့ပြန်မှု အားနည်းကြောင်း တွေ့ရှိရပါတယ်။

(ဂ) သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ အနေဖြင့် တင်ပြတိုင်ကြားသူများက ၎င်းတို့၏ ခံစားချက်များ၊ နစ်နာချက်များကို တာဝန်ရှိသူများက သိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပေးပို့ခြင်းဖြစ်ရာ တင်ပြတိုင်ကြားချက်များ မှန်ကန်မှု ရှိပါက ဥပဒေနှင့်အညီ တာဝန်ရှိသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန်နှင့် မှန်ကန်မှု မရှိပါက မှန်ကန်ခြင်း မရှိကြောင်း ရှင်းလင်းခြင်းဖြင့် ပြည်သူများ၏ခံစားချက်၊ တင်ပြလိုချက်များကို စာနာဖြေသိမ့်ပေးရန်လိုအပ်ပြီး လွှတ်တော်ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကိုလည်း အလေးအနက်ထား ဆောင်ရွက်သင့်ပါတယ်။

(ဃ) တိုင်ကြားစာများအရ ဤကော်မတီမှ

(၁) ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို(၂)ရပ်

(၂) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို(၃)ရပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆို(၁)ရပ်၊ စုစုပေါင်း အဆို(၄)ရပ်

(၃) ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်မစန်း ၏ အမှုကိစ္စနှင့်ပတ်သက်၍ တင်သွင်းခဲ့သော ပြည်ထောင်စုတရား လွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆို (၉)ရပ်တို့ကို အလေးအနက်ထား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အားနည်းမှုရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ပွင့်လင်းမြင်သာစွာ အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

(င) ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို တင်သွင်းဆောင်ရွက်နေခြင်းမှာ ပြည်သူတို့ထံမှ တိုင်ကြား/အသနားခံ တင်ပြလာမှုများကို ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏လိုလားချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဖော်ဆောင်ပေးနေခြင်း ဖြစ်သည်ကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အနေဖြင့် သိရှိနားလည်သဘောပေါက်ရန် လိုအပ်ပြီး ပြည်သူတို့ တင်ပြလာသော အခက်အခဲ ပြဿနာများကို တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် ဆောလျင်စွာ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အလေးအနက်ထား ဖြေရှင်းဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်စိစစ်တွေ့ ရှိရပါသည်။

ဥပမာ ဤကော်မတီမှ အမျိုးသားလွှတ်တော်သို့တင်ပြ၍ ၂၃-၆-၂၀၁၃ ရက်နေ့တွင် မေးခွန်းမေးမြန်းခဲ့သော နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်၊ ဒုတိယအဆင့် ရရှိထားသူတို့၏ လစဉ်ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများတိုးမြှင့်ပေးရန်ကိစ္စနှင့် ပတ်သက်ပြီးမေးမြန်းခဲ့ရာ ၁၀-၁၀-၂၀၁၃ ရက်နေ့တွင် လောလောဆယ်အခြေအနေ၌ ဆောင်ရွက်ပေးရန် မရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ထိုသို့ဖြေကြားချက်အပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ တင်ပြရန်လမ်းညွှန်ခဲ့ရာ ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏စီးပွားရေးတိုးတက်လာချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထပ်မံဖြေကြားလာခဲ့ပါတယ်။ အမှန်တကယ်အားဖြင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်နှင့် ဒုတိယအဆင့်ရရှိသူများသည် လောလောဆယ် အခြေအနေတွင် လက်ချိုးရေတွက်ရ လောက်အောင်ပင် မရှိသလောက် အလွန်နည်းပါးနေပါတယ်။ တစ်ချိန်ကနိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်ပေး၍ လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင်လာ ခဲ့ကြသူများဖြစ်ကြသဖြင့် ပြန်လည်စဉ်းစားဆောင်ရွက်ပေးသင့်ကြောင်း ထပ်မံအကြံပြု တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင်

၁၈။ ပြည်သူများ၏နစ်နာချက်များ၊ အကြံပြုချက်များကို ဖြေရှင်းဆောင်ရွက်ပေးရသည့် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အနေဖြင့် ပြည်သူများ၏ တင်ပြချက်၊ အသနား ခံချက်များကို ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ

ဆောလျင်စွာ ဖြေရှင်းဆောင်ရွက် ပေးခြင်းဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် တစ်ရပ် ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ သို့ပါ၍ အမျိုးသားလွှတ်တော်မှတစ်ဆင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တို့သို့ ပေးပို့ခဲ့သည့် ပြည်သူတို့၏တိုင်ကြားစာများ၊ အသနားခံစာများကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အကြံပြု တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]